# ဓမ္မခရီးဖေါ်

အရှင်နာရဒါဘိဝံသ(လှုရတနာ)



## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင်
## တရားဓမ္မအလှူသည်အမြတ်ဆုံး

သို့

---------------------

---------------------

---------------------

မှ

---------------------

---------------------

---------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ--------------

ပုံနှိပ်မှတ်တမ်း

*****

၁၃၇၄-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက်၊

၂၀၁၃-ခုနှစ်၊ ဧပြီလ(၉)ရက်၊

ပထမအကြိမ်ထုတ်၊ အုပ်ရေ- ၁၀၀၀

စာတ်ပုံ

ကိုအောင်ဟိန်း

ပန်းချီ

ကိုမြင့်မောင်

ပုံနှိပ်

သိန်းသန်းဦး ပုံနှိပ်တိုက်

# ဓမ္မ ခရီးဖေါ်

(မိမိနေရာတွင်ပဲ နေသည်ဖြစ်စေ

ခရီးပဲ သွားလာသည်ဖြစ်စေ နေ့စဉ်ပြုလုပ်ရမည့်

ဓမ္မကျင့်စဉ်တို့ကို ဖေါ်ပြထားသည်)

လုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

(ပထမကျော်, အဂ္ဂမဟာအကျော်, အဌကထာပြန်အကျော်,

သ-စ-အ ဓမ္မာစရိယ, ဝင့်သကာ, ပါဠိပါရဂူ)

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၅၆ | ၁၃၇၄ | ၂၀၁၃ |

# ဓမ္မ ခရီးဖော်

## မာတိကာ


၁။ ဒုတိယအကြိမ် မှဒိတာပန်းခင်း

အလှူတော် ဖိတ်ကြားလွှာ ၁

၂။ ဓမ္မခရီးဖော် တရားတော် ၃

၃။ ဘုရားရှိခိုးခြင်းနှင့် မေတ္တာပို့ခြင်း ၄

၄။ ခရီး(၃)မျိုး ၆

၅။ ခရီးဖော်(၂)မျိုး ၁၁

၆။ ဓမ္မခရီးဖော် (၂)မျိုး ၁၃

၇။ ကုသိုလ်ဓမ္မ ခရီးဖော်များ ၁၅

၈။ ကုသိုလ်ဓမ္မ ခရီးဖော်(၄)မျိုး ၁၆

၉။ (၁)ရတနာသုံးပါး ဂုဏ်တော်ပွား ခရီးဖော် ၁၇

၁၀။ (၂)ဒါန,သီလပြုသွား ခရီးဖော် ၂၅

၁၁။ (၃)မေတ္တာပွားများ ခရီးဖော် ၂၇

၁၂။ (၄)သတိပဋ္ဌာန်းပွား ခရီးဖော် ၃၄

၁၃။ ဗုဒ္ဓခြေတော်ရာမှ စက်ဝန်းတော်၏တန်ခိုး ၅၂

၁၄။ ဗုဒ္ဓခြေတော်ရာ ပါဒစေတီ (၃)မျိုး ၅၅

၁၅။ ပရိဘောဂ ပါဒစေတီ(၈)ဆူ ၅၆

၁၆။ ကံထူးရှင်မှသာ မြင်ရသောခြေတော်ရာ ၅၈

၁၇။ ဘယ်လိုဖျက်ဖျက် မပျက်တဲ့ခြေတော်ရာ ၅၉

၁၈။ (၉၂)ကမ္ဘာထက်မှ ဗုဒ္ဓခြေတော်ရာ(၃)ဆူ ၆၀

၁၉။ ဗုဒ္ဓခြေတော်ရာများနှင့် မှဆိုးတဦး ၆၁

၂၀။ ရွှေတိဂုံဘုရား ရင်ပြင်တော်မှ

ခြေတော်ရာ(၃)ဆူ ၆၃

၂၁။ မုဆိုးသေ နတ်ပြည်ရောက် ၆၄

၂၂။ ဘုရားရှင်၏ ကျောင်းတော်ကို နံ့သာဖြင့်ပူဇော် ၆၆

၂၃။ ဗုဒ္ဓခြေတော်ရာနှင့် အရှင်မဟာကဿမထေရ် ၆၈

၂၄။ (၁၀၈)ကွက် စက်လက္ခဏာတော်များ ၇၅

# တိုက်တွန်းချက် ဥယျောဇဉ် စကား

## ရွှေတိဂုံစေတီတော်မှ ထေရဝါဒတရားအလှူ

ရွှေတိဂုံစေတီတော်ကြီးသည် သဗ္ဗိဝဆံတော် ဓာတ်တော်(၈)ဆူ ကိန်းဝပ်စံပယ်တော်မူသဖြင့် **"အံ့ချီးမကုန် ရွှေတိဂုံ-သောကကောင်းကျိုး သယ်ပိုး ပြည့်စုံ မြတ်ရွှေတိဂုံ"** စသော ဂုဏ်တော်တို့ဖြင့် ထင်ရှား ကျော်ကြားတော်မူပါပေ၏၊ ဂေါပကအဖွဲ့သည် နှစ်စဉ် တပေါင်းလတွင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကျင်းပလျက် ပူဇော်ကြ၏၊ ထိုဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ထေရဝါဒ တရားအလှူပွဲကိုပါ ထည့်သွင်းကျင်းပသည်၊ ယင်း ထေရဝါဒတရားအလှူပွဲတွင် ဆရာတော်များက တရားအလှူပေးလှူကြ၏၊ စာရေးသူသည်လည်း တရားအလှူ ပေးလှူခွင့်ရသဖြင့် **"ဓမ္မခရီးဖေါ်"** တရားတော်ကို ဟောကြားခဲ့ပါသည်၊ ယင်း 'ဓမ္မ ခရီးဖေါ်'တရားတော်ကို နာယူခဲ့ကြသည့် တရားနာ ပရိသတ်တို့က စာအုပ်ပြုလုပ်ပေးပါရန် တိုက်တွန်း တောင်းပန်ကြသဖြင့် 'ဟောတရား' မှ 'စာအုပ်တရား' အဖြစ်သို့ ရောက်အောင် စီစဉ်ပေးရသည်။

## တရားတော်၏ သဘာဝ

တရားတော်၏သဘောသဘာဝကို မြတ်စွာ ဘုရားရှင်သည် အခါအခွင့်သင့်တိုင်း ဟောကြားတော် မူခဲ့ပါ၏၊ အင်္ဂုတ္တိုရ်တွင် **"ဓမ္မော ဟိ ဝါသေဋ္ဌ**

**သေဋ္ဌော ဇနေတသ္မိံ ဒိဋ္ဌေဝေစ ဓမ္မေ အဘိသမ္ပရာယဥ္စ**" (ဒီ-၃-၆၆) ဟူ၍ ဟောပြတော်မူ၏၊ အဓိပ္ပါယ်ကား ချစ်သားဝါသေဋ္ဌ မျက်မှောက် ယခုဘဝမှာပဲဖြစ်စေ၊ တမလွန်ဘဝသံသရာမှာပဲဖြစ်စေ၊ လောကတွင် တရားတော်ဟာ အမြတ်ဆုံးပါပဲ-ဟု ဆိုလိုသည်။

ထိုတရားတော်သည် "**ဓမ္မကာမော ဘဝံ ဟောတိ ဓမ္မဒေဿီ ပရာဘဝေါ**" ဟူသော ပရာဘဝသုတ်နှင့်အညီ တရားကိုချစ်ခင်လိုလား နှစ်သက်ပြီး တရားကိုကျင့်သုံးလျှင် ကြီးပွားတိုးတက်ရ၏၊ တရားကို မချစ်ခင် မလိုလား မုန်းထားသူသည်ကား ပျက်စီးရလေသည်။

"**ဓမ္မော ဟိ နာမေသ အတ္တာနံ ရက္ခန္တံ ရက္ခတိ**" ဟူသော အဘိဓမ္မာအဋ္ဌကထာ(အဘိ-ဋ္ဌ-၁-၅၈)နှင့်အညီ မိမိကျင့်သုံးထားသော တရားတော်သည် တရားကို ကျင့်သုံးထားသူ (တရားရှိသူ)ကို အတုံ့တဖန် ပြန်လည်၍ စောင့်ရှောက်သဖြင့် ဘေးရန်အန္တရာယ်ကင်းပြီး ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရရှိစေနိုင်ပါသည်။

သေရီသကပေတဝတ္ထုတွင်မူ "**ယဟိံ ယဟိံ ဂစ္ဆတိ ပုညကမ္မော၊ တဟိံ တဟိံ မောဒတိ ကာမကာမီ**" ဟူ၍ လာရှိသည်၊ ဆိုလိုသည်မှာ ကုသိုလ်ကောင်းမှုပြုထား (ရှိထား)သူသည် အကြွင်းကြွင် အရပ်

ဒေသ မြို့ရွာဌာန နိုင်ငံ,ဘုံဘဝများသို့ ရောက်ရှိသွားခဲ့လျှင် ထိုရောက်ရှိခဲ့ရာ အရပ်ဒေသမြို့ရွာဌာန နိုင်ငံ,ဘုံဘဝများ၌ လိုတိုင်းရ တတိုင်းပြီးစီး အောင်မြင်လျက် ပျော်ရွှင်ရ လေ၏-ဟု အဓိပ္ပါယ်ရပေသည်။

## စာရေးသူ၏ ဆန္ဒသဘောထား

ဤသို့လျှင် တရားဓမ္မသည် ကျင့်သုံးလျှင် ကျင့်သုံးထားသလောက် တရားကျင့်သုံးထားသူ (တရားရှိထားသူ)ကို ကျေးဇူးပြုတတ်သော သဘာဝ ရှိလေသည်၊ သို့ဖြစ်၍ ဓမ္မခရီးဖေါ်ဟူသော "**ဟောတရား**"မှ ပရိသတ်တို့၏ "**နာတရား**"အဖြစ်သို့၄င်း၊ ပရိသတ်တို့၏ "**နာတရား**" မှ စာရေးသူ၏ "**စာအုပ်တရား**"အဖြစ်သို့၄င်း အဆင့်ဆင့်ရောက်လာသကဲ့သို့ "**စာအုပ်တရား**"မှစာရှုသူတို့၏ "**ဖတ်တရား**" အဖြစ်သို့၄င်း၊ "**ဖတ်တရား**"အဖြစ်မှ ကျင့်သုံးနိုင်သည် အထိ စွဲမြဲစွာ တည်ရှိသော "**နှလုံးသားတရား**" အဖြစ်သို့၄င်း၊ အဆင့်ဆင့် မြင့်သထက်မြင့်စွာ ရောက်ရှိနိုင်ကြပါစေကုန် သတည်း။

*အရှင်နာရဒါဘိဝံသ(ဟုရတနာ)*
*(၄၊ ၄၊ ၂၀၁၃) ကြာသပတေး*







# ဓမ္မာရိုးဖော် တရားတော်

## လှရတနာ ဆရာတော်
## ဘဒ္ဒန္တနာရဒါဘိဝံသ

## ရွှေတိဂုံစေတီတော်
## (၂၆၀၀)နှစ်ပြည့်
## ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး
## အရှေ့ဘက်ကားဝင်း စေတ္တရာကွင်း

**ဓမ္မဒါနကုသိုလ်ရှင်**

ကိုဌေးအောင် + မခင်ထွေး နှင့် သားများ

သာသနာ့အလင်းရောင်

ရတနာအောင် သင်္ကန်းတိုက်

အမှတ်(၁၀၇) ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်

(၂၂ . ၃ . ၂၀၁၃) သောကြာနေ့

## ဒုတိယအကြိမ် မုဒိတာပန်းခင်း
## အလှူတော် ဖိတ်ကြားလွှာ

ရွှေတိဂုံစေတီတော်(၂၆၀၁) နှစ်ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကြီး (၂၂-၃-၂၀၁၃)နေ့၌ **"ဓမ္မခရီးဖော်"** ကိုဟောကြားရာတွင် တရားနာပရိသတ်တို့ ဓမ္မပူဇာအဖြစ် လှူဒါန်းထားသော နဝကမ္မဝတ္ထုများကို (စပါးပြီး စပါး ဆိုသကဲ့သို့) ရတနာသုံးပါးအား ပြန်လည်လှူဒါန်းခြင်း၊ တောင်ကိုးရိုးယားနိုင်ငံသို့ ပို့ဆောင်မည့် ဗုဒ္ဓခြေတော်ရာကြီး(၄)ဆူအား (၁၀၈)ကွက် စက်လက္ခဏာနည်းဖြင့် ဆွမ်းတော်ကြီးကပ်လှူခြင်း ပြုလုပ်မည်ဖြစ်ပါ၍ အဆိုပါအလှူပွဲမုဒိတာပန်းခင်းသို့ လာရောက်ကြည်ညို ဝမ်းမြောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

### အစီအစဉ်
**ကျင်းပမည့်နေ့ရက်**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊
(၉-၄-၂၀၁၃) အင်္ဂါနေ့။

**ကျင်းပမည့်အချိန်**

နံနက် (၉း၃၀) နာရီတွင်ဆွမ်းတော်ကြီး
အခမ်းအနားစပါမည်။

နံနက် (၁၁း၀၀) နာရီတွင် ဧည့်ခံကျွေးမွေးပါမည်။

## ကျင်းပမည့်နေရာ

လှူရတနာသုံးထပ်တိုက်ကျောင်း၊
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊
ကမ္ဘာအေးစေတီလမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံနှင့်
မျက်နှာချင်းဆိုင် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။ ဓမ္မခရီးဖော်စာအုပ်(၁၀၀၀)လှူဒါန်းခြင်း-(၄) သိန်း
၂။ ညောင်တုန်းတိုက်ဆရာတော်ကြီးအား
ဆေးလှူဒါန်းခြင်း- (၂) သိန်း
၃။ မဟာသမယဘာဏက သံဃာတော်များအား
လှူဒါန်းခြင်း - (၃) သိန်း (၅) သောင်း
၄။ ပင့်သံဃာတော်များအား လှူဒါန်ခြင်း-
(၂) သိန်း (၅) သောင်း
၅။ ဦးသုမနကျောင်းအား လှူဒါန်းခြင်း- (၃) သိန်း
၆။ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာအား
လှူဒါန်းခြင်း - (၂) သိန်း
၇။ ကျောက်ပန်းတောင်းနယ်သို့ ရေလှူဒါန်းခြင်း-
(၃) သိန်း
၈။ သံဃာတော်များနှင့် ဧည့်ပရိသတ်များအား
ဆွမ်းကပ်လှူဒါန်းခြင်း- (၂) သိန်း
၉။ မမ္မစကူး(လ်)ဖောင်ဒေးရှင်းအား လှူဒါန်းခြင်း-
(၃) သိန်း

လှူရတနာဆရာတော် - ဘဒ္ဒန္တနာရဒါဘိဝံသ
ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊
ဗဟန်း၊ ရန်ကုန်မြို့။

# ဓမ္မခရီးဖော်

သာသနာတော်နှစ် (၂၅၅၆) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၇၄) ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်၊ ခရစ်သက္ကရာဇ် (၂၀၁၃) ခုနှစ်၊ မတ်လ (၂၂ရက်)၊ သောကြာနေ့၊ ညချမ်းမင်္ဂလာအချိန်အခါမှာ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဓာတ်လှေကားအနီး ခေတ္တရာကွင်းကြီးတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပအပ်သော ရွှေတိဂုံစေတီတော်နှစ်(၂၆၀၁)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး၏ ထေရဝါဒတရားအလှူမဓမ္မသဘင်၌ သုတ္တန္တပိဋကကောရက္ခာပုပ္ဖိယထေရာပဒါန်ပါဠိတော်နှင့် သုဂန္ဓထေရဂါထာတို့ကို တန်ဆာဆင်၍ ဟောကြားအပ်သော **"ဓမ္မခရီးဖော်"** တရားတော်။

ဒီနေ့ နာယူရမည့် တရားတော်နာမည်က ဓမ္မခရီးဖော် တရားတော်ပါ၊ ဓမ္မခရီးဖော် တရားတော်ကို မနာယူခင် ဓမ္မသာမိ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကို ရှိခိုးကြရမယ်။ မြတ်စွာဘုရားရှင်ကို ရှိခိုးတဲ့အခါမှာလဲပဲ ဘုရားရှင်လက်ထက် အခါကရဟန်းသံဃာတွေ ဒါယကာ၊ ဒါယိကာမတွေ၊ နတ်ဗြဟ္မာတွေ၊ ဘုရားထံ ရောက်လာတဲ့အခါ ဘုရားရှင်ရဲ့

ခြေတော်အစုံကြာပဒုံကို ဦးတိုက်ပြီးတော့ ရှိခိုးလေ့ရှိကြတယ်။ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေထဲမှာတော့၊ ခြေဖဝါး၊ ခြေတော်အစုံဟာ ဂုဏ်အားဖြင့် အနိမ့်ဆုံးပါပဲ၊ အနိမ့်ဆုံးဖြစ်တဲ့ ခြေတော်အစုံကြာပဒုံကို မိမိတို့ရဲ့ အမြတ်ဆုံးအင်္ဂါ အစိတ်အပိုင်းဖြစ်တဲ့ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ဦးတင်ပြီးတော့ ရှိခိုးကြရပါမယ် ရှိခိုးတဲ့အခါ ဟောတဲ့ ပုဂ္ဂိုလ်ရော၊ နာတဲ့ ပုဂ္ဂိုလ်ရော၊ တစ်ခါတည်းပြီးပြီးသား ဖြစ်သွားအောင် တစ်ပြိုင်နက်ထဲ ရှိခိုးလိုက်ကြရအောင်၊ အားလုံးပဲ လိုက်ဆိုကြပါမယ်။

## ဘုရားရှိခိုးခြင်းနှင့် မေတ္တာပို့ခြင်း

### "သုဂတဿ ဘဂဝတော ပါဒေ မယံ ဝန္ဒာမ"

**သုဂတဿ**-စကားကောင်းဆို နိဗ္ဗာန်ကိုကြွ၊ ဗုဒ္ဓဖြစ်ထိ၊ လွဲမရှိဘဲ၊ သတိသမ္ပဇဉ် မြဲယှဉ်ကောင်းစွာ လာတော်မူတတ်သော။ **ဘဂဝတော**=ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏၊ **ပါဒေ**=တစ်ထောင်သော အကန့်အကွက် အကွပ်တကူပုံတောင်းချက်မနှင့်တကွ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ပြည့်စုံစွာပါရှိသော ခြေတော်အစုံ ကြာပဒုံတို့ကို။ **မယံ**= ဘုရားတပည့်တော်တို့သည်၊ **ဝန္ဒာမ**=

ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ကောင်းစွာရိုကျိုး လက်စုံမိုးလျှက်၊ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။ (သာဓု)၃၊

ဓမ္မသာမိ-ဖြစ်တဲ့ တရားပိုင်ရှင် မြတ်စွာဘုရားသခင်ကို ရှိခိုးပူဇော်ပြီးတဲ့နောက် တရားနာပရိသတ်နှင့် တကွ၊ ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါ အားလုံး ဘေးရန်အန္တရာယ်ကင်းရှင်းပြီးတော့ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ၊ အဖြာဖြာတို့နှင့် ပြည့်စုံပါစေကြောင်း မေတ္တာရေသွန်းလောင်း ပက်ဖျန်းကြရအောင်။ အားလုံးပဲ တစ်ပြိုင်နက်ထဲ မေတ္တာပွားများပို့သပေးကြရအောင်။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်တို့ကြောင့် နေရောင်ခြည်ထိသမျှ ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါအားလုံးတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်တို့ကြောင့် မြေကြီးပေါ်တွင် ရှိသမျှ ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါအားလုံးတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်တို့ကြောင့် လရောင်ခြည်မိသမျှ ကမ္ဘာသူ၊ ကမ္ဘာသားသတ္တဝါအားလုံးတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။*(သာဓု-၃ ကြိမ်)*

## ခရီး(၃)မျိုး

တရားပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရား သခင်ကိုလည်း ရှိခိုးပြီးသွားပြီ၊ တရားနာပရိသတ်နှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသား၊ သတ္တဝါအပေါင်းတို့လည်း၊ ဘေးရန်အန္တရာယ်ကင်းရှင်းပြီး ကောင်းကျိုးချမ်းသာကျက်သရေ မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံပါစေကြောင်း ဗမတ္တာရေ သွန်းလောင်းပက်ဖျန်းပြီးတဲ့နောက်ဒီနေ့ ဟောကြားနာယူရမည့် တရားဖြစ်တဲ့ ဓမ္မခရီးဖော်တရားတော်ကို နာယူကြပါမည်။ နာယူတဲ့အခါသက်တောင့်သက်သာ ဣရိယာပုတ်ဖြင့် ထိုင်ပြီးတော့နာယူနိုင်ကြပါတယ်၊ ဓမ္မခရီးဖော်ဆိုတဲ့ တရားတော်မှာခရီးဆိုတာနဲ့ စပ်ပြီးတော့ ခရီးဟာ(၃)မျိုးရှိပါတယ်။ ၁-နံပါတ်က ခရီးက ပကတိခရီး ပုံမှန်ခရီး၊ ၂-နံပါတ်ခရီးကဘဝခရီး၊ ၃-နံပါတ်ခရီးက သံသရာခရီးဖြစ်ပါတယ်။

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို လာရောက် ပြီးတော့ တရားနာယူတဲ့အခါ နီးတဲ့ ပုဂ္ဂိုလ်တွေက ခြေလျင်လာကြတယ်၊ တချို့လည်း စက်ဘီး၊ ဆိုင်ကယ်၊ တချို့လည်း လိုင်းကား၊ တချို့ လည်း တက္ကစီကား၊ တချို့လည်း ကိုင်ပိုင်ကားတွေနဲ့ လာကြတယ်၊ ဒါဟာ ပုံမှန်ပကတိ ခရီးလို့ခေါ်ရတယ်။ အဲဒီလို ကုန်းကြောင်းခရီးဟာလည်းပဲ အန္တရာယ် များတာပါပဲ၊ ကားတိုက်မလား၊ ကားမှောက်မလား၊ စိုးရိမ်နေရတယ်၊ ခုရွှေတိဂုံဘုရားရဲ့ တောင်ဘက်မုခ်နဲ့ အနောက်ဘက်မုခ်လမ်း ဖြတ်ကူးတဲ့နေရာမှာ ဆိုင်း ဘုတ်ကြီး တပ်ထားတယ်။ ဒီနေရာမှာ ကားလမ်းခရီးမှာ ဘယ်ခုနှစ်ကစပြီးတော့ ဘယ်နှစ်ယောက်ထိခိုက် သွားတယ်။ ပျက်စီးသွားတယ် စသည်ဖြင့် ဆိုင်း ဘုတ်ကြီးတင်ထားတာ တွေ့ရတယ်။ တခြားနေရာတွေ မှာလည်းပဲ ဆိုင်းဘုတ်တွေထောင်ထားတယ်။ အဲတော့ ပုံမှန် ကုန်းကြောင်း ပကတိ ခရီးဟာလဲ အန္တရာယ်များ တာပါပဲ။ သင်္ဘောစီးမယ်၊ မော်တော်စီးမယ်၊ လှေစီး မယ်၊ ငှက်သမ္ဗာန်စီးမယ် ဒါလည်းပဲ ရေကြောင်း ပကတိသာမန်ခရီးပါပဲ။ ဒီရေကြောင်းခရီးဟာလည်းပဲ လှေမှောက်ခြင်း၊ သင်္ဘော မှောက်ခြင်းစသည့်ဖြင့်

အန္တရာယ်တွေရှိနေတာပါပဲ။ အထက်ကောင်းကင်ကနေပြီးတော့ ရဟတ်ယာဉ်စီးမယ်၊ လေယာဉ်စီးမယ်၊ ဒုံးပျံစီးမယ်၊ အာကာသယာဉ်စီးမယ် ဆိုရင်လည်းပဲ လေယာဉ်တွေပျက်ကြ၊ ရဟတ်ယာဉ် တွေပျက်ကြ၊ အာကာသဒုံးပျံယာဉ်တွေပျက်ကြခြင်းအားဖြင့် ကောင်းကင်ခရီး ပုံမှန်ပကတိခရီးဟာလည်းပဲ စိုးရိမ် စရာပါပဲ။ အဲတော့ ပကတိခရီးဟာလည်းပဲ အန္တရာယ်တွေ ရောပြွမ်းနေပါတယ်၊ အန္တရာယ်ကင်းဖို့ လိုအပ်လှ ပါတယ်။

ဒုတိယမြောက်ခရီးကတော့ ဘဝခရီးလို့ ခေါ်ရတယ်၊ ဘဝခရီးဆိုတာကတော့ မိခင်ဝမ်းတွင်းကနေ မွေးဖွား သန့်စင်တဲ့ အချိန်ကစပြီးတော့ တစ်ဘဝကုန်ဆုံးတဲ့ စုတိစိတ်၊ ကွယ်လွန်တဲ့အထိ ပျံလွန်တော်မူတဲ့ အထိကိုတော့ ဘဝခရီးလို့ခေါ်ရတယ်။ ဒီဘဝရီးဟာ လည်းပဲ စီးပွားဖြစ်ခြင်း၊ လာဘ်လာဘရခြင်း၊ စီးပွား မဖြစ်ခြင်း၊ လာဘ်လာဘ မရခြင်းစတဲ့ လာဘ အလာဘလောကဓံတွေ၊ ချီးမွမ်းခံရခြင်း-ပသံသာ ကဲ့ရဲ့ ရှုတ်ချပြစ်တင်ခံရခြင်း-နိန္ဒာဆိုတဲ့ လောကဓံတွေနဲ့ ဆက်ဆံနေရတယ်။ အခြံအရံပရိသတ် ရှိခြင်း ယသ-အခြံအရံပရိသတ်တွေ ခွဲခွါသွားခြင်း၊ အယသ ခေါ်တဲ့

လောကဓံတွေနဲ့လည်း သက်ဆိုင်နေတယ်၊ ချမ်းသာခြင်းသုခ ဆင်းရဲခြင်း ဒုက္ခဆိုတဲ့ လောကဓံတွေနဲ့လည်း ရင်ဆိုင်နေရတယ်၊ အဲဒီတော့ ကောင်းတဲ့ လောကဓံတွေရောဆိုးတဲ့ လောကဓံတွေရော ကြုံတွေ့နေရတယ်၊ ဒီနေ့ ဆင်းရဲပေမဲ့ နောက်နေ့ ချမ်းသာသွားတယ်။ ဒီနေ့ ချမ်းသာကြွယ်ဝတဲ့သူဌေးကြီးက နောက်နေ့ကျတော့ ဒေဝါလီခံပြီးတော့ ဆင်းရဲမွဲသွားရတယ်၊ ဒီနေ့ အာဏာရှိတဲ့ ဝန်ကြီးချုပ် သမ္မတက နောက်နေ့မှာ ပြုတ်ပြီးတော့ အာဏာမဲ့ အရပ်သားဖြစ်သွားရတယ်၊ အဲဒီလို ကောင်းတဲ့ လောကဓံတွေ ဆိုးတဲ့လောကဓံတွေနဲ့ ရင်ဆိုင်ပြီး ဖြတ်သန်းနေရတဲ့ ဘဝခရီးဟာလည်းပဲ အမြင့်အနိမ့် အကွေ့အကောက် အချိုးတွေများတဲ့အတွက် ဘဝဟာ ဘာမှ ရေရာမှုမရှိဘူး။ ပုံသေတွက်လို့ မရဘူး၊ အဲတော့ ဘဝခရီးဟာလည်းပဲ လောကဓံ ၈-ပါးနဲ့ ရင်ဆိုင်ဖြတ်သန်းနေရတဲ့အတွက် အန္တရာယ်တွေ များတာပါပဲ။

တတိယမြောက်ခရီးက ဘာခရီးလဲဆိုတော့ သံသရာခရီး၊ သံသရာခရီးဆိုတာကတော့ ဒီဘဝက ကွယ်လွန်ပြီးတဲ့နောက်၊ ပျံလွန်တော်မူပြီးတဲ့နောက်၊ နောက်ဘဝကစပြီးတော့ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်

သံသရာမှာ သုဂတိဘုံပြီးရင်၊ ဒုဂ္ဂတိဘုံ၊ ဒုဂ္ဂတိဘုံပြီးရင်၊ သုဂတိဘုံ၊ သုဂတိဘုံ အချင်းချင်း၊ ဒုဂ္ဂတိဘုံအချင်းချင်း စသည်ဖြင့် (သုဒ္ဓါဝါသ အနာဂါမ်၊ အရိယာတွေပဲ ဖြစ်ခွင့်ရှိတဲ့ အရိယာဗြဟ္မာဘုံမှတစ်ပါး)ကျန်တဲ့ ၂၆-ဘုံမှာ ကျင်လည် သွားလာကြရမယ်။ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ ဒုဂ္ဂတိဘုံများ ကျရောက်သွားယ် ဆိုရင် လူ့ပြည်သုဂတိ၊ နတ်ပြည် သုဂတိသို့ ပြန်တက်နိုင်ဖို့ဆိုတာ အလွန်ပဲ ခဲယဉ်း သွားတယ်၊ အဲတော့ သံသရာခရီးဟာ ပိုပြီးတော့ ရှည်လျားသလို သုဂတိဘုံ၊ ဒုဂ္ဂတိဘုံတွေနဲ့ အလွန် နက်ရှိုင်းတဲ့အတွက် ကြောက်စရာ အကောင်းဆုံး ခရီးပါပဲ၊ အဲတော့ ဓမ္မခရီးဖော်ဆိုတဲ့ တရားတော်ထဲက ခရီး(၃)မျိုး ပြီးသွားပါပြီ။

၁-နံပါတ်ခရီးက ပကတိခရီး၊

၂-နံပါတ်ခရီးက ဘဝခရီး၊

၃-နံပါတ်ခရီးက သံသရာခရီး အားဖြင့်-

ဒီခရီး (၃)မျိုး မှတ်မိအောင် ဖြန့်ဝေပေးလိုက်တဲ့ စာအုပ်ထဲမှာလည်း ဖော်ပြထားတယ်။ လင်္ကာလေး (၃)ပုဒ်ကို အားလုံးပဲ လိုက်ဆိုလိုက်ကြရအောင်။

-လက်ာ-

**၁။ ခရီး-သည်ကား။ သုံးမျိုးပြား။ မှတ်သားလိုက်နာရာ။**

**၂။ ပကတိ-ဘဝ၊ သံသာရ၊ သုံးစခရီးဖြား။**

**၃။ သုံးမျိုးလုံးတွင်၊ သောရန်စင်၊ အောင်မြင်ရမည်သား။**

*သာစု (၃ ကြိမ်)။*

## ခရီးဖော် (၂)မျိုး

ဓမ္မခရီးဖော်ဆိုတဲ့ တရားတော်ထဲက ခရီး ၃-မျိုးသိပြီးတဲ့နောက် ခရီးဖော်နဲ့ စပ်ပြီးတော့ ခရီးဖော်က ၂-မျိုးရှိတယ်၊ တစ်မျိုးက ပုဂ္ဂိုလ်ခရီးဖော်၊ တစ်မျိုးက ဓမ္မခရီးဖော်အားဖြင့် (၂) မျိုးရှိတယ်၊ ထိုခရီးဖော်(၂) မျိုးမှာ ပုဂ္ဂိုလ်ခရီးဖော် ဆိုတာကတော့ မိတ်ဆွေ အပေါင်း အသင်းသူငယ်ချင်းအဖော် ဆရာတပည့်အဖော်, ဆရာဒကာအဖော်, ညီအစ်ကိုမောင်နှမသားချင်း ဆွေမျိုးအဖော်,မိဘအဖော်,သားသမီးအဖော်-စသည်ဖြင့် ပုဂ္ဂိုလ်အဖော် တွေဟာ အလွန်ပဲ များပြားလှပါတယ်။ ဒါကိုတော့ ပုဂ္ဂိုလ်အဖော်လို့ ခေါ်ရတယ်။

အဲဒီပုဂ္ဂိုလ်အဖော်တွေရဲ့ သဘာဝက ဘယ်လိုရှိသလဲ ကိုယ်နဲ့အကြောင်းသင့်ပြီး စိတ်သဘော ထားချင်း

တိုက်ဆိုင်နေတဲ့ အခါမှာတော့ ကိုယ်အနီးနားမှာ ရှိနေမှာပါပဲ၊ စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ဘူး စီးပွားရေး၊ လူမှုရေးအစရှိတဲ့ အရေးကိစ္စတွေကြောင့် သဘောထားခြင်း ကွဲသွားပြီ ဆိုရင်တော့ သူငယ်ချင်း မိတ်ဆွေ အပေါင်းအသင်း အဖော်ဟာလည်းပဲ ကွာသွားတယ်၊ ဆရာတပည့် ချင်းလည်းကွဲသွားတယ်၊ ဆရာဒကာချင်းလည်း ကွဲသွားတယ် ညီအစ်ကိုမောင်နှမအရင်းချာချင်းလည်း ကွဲသွားတယ်။ သားသမီးချင်း လည်းကွဲသွားတယ်၊ မိဘချင်းလည်း ကွဲသွားတယ်၊ အလွန်ချစ်လှပါတယ်၊ ကြိုက်လှပါတယ် ဆိုတဲ့ ဇနီးမောင်နှံ ချင်းလည်း ကွဲသွားတယ်၊ ပုဂ္ဂိုလ်အဖော်ဟာ စိတ်ချယုံကြည်ရမှု အပြည့်အဝမရှိဘူး၊ အကြောင်းအမျိုးမျိုးကြောင့် ပစ်ထားကြတယ်၊ ခွဲခွါသွားကြတယ်။ သတင်းစာတွေမှာ ကြည့်မယ်ဆိုရင် အမွေပြတ် ကြော်ငြာတာတွေ လင်မယားခြင်း ခွဲခွါတဲ့ သတင်းတွေ အမျိုးမျိုးပဲ တွေ့မြင်ကြားသိ နေရတယ်၊ အဲတော့ ပုဂ္ဂိုလ်အဖော်ဟာ စိတ်မချရဘူး၊ အားကိုးအစစ်အမှန်မဟုတ်ဘူးလို့ ဒီလို သိလိုက်ရတယ်။

နောက်ဓမ္မအဖော် ဆိုတာကတော့ (၂)မျိုး ရှိတယ်၊ အကုသိုလ်တရား ဓမ္မအဖော်လည်း ရှိတယ်။

ကုသိုလ်ဓမ္မအဖော်လည်းရှိတယ်။ အဲဒီလို ဓမ္မ ခရီး ဖော်က နှစ်မျိုး၊ နှစ်စားထပ်ပြီးတော့ ကွဲပြားသွားတယ်။ ခရီးဖော် (၂)မျိုးကိုလည်း လင်္ကာလေးနဲ့ မှတ်တမ်းတင်လိုက်ကြရအောင်။

-လင်္ကာ-

**၁။ ပုဂ္ဂလ ဓမ္မ၊ ဤနှစ်ဝ၊ မှချခရီးဖော်။**

**၂။ ပုဂ္ဂိုလ်(အ)ဖော်ကား၊ ထွန်းများပြား၊ ရွတ်ကြားလှ**
**ချေသော်-** *သာစု (၃)ကြိမ်။*

**ဓမ္မခရီးဖော် (၂)မျိုး**

ခရီးဖော် (၂)မျိုးသိပြီးတဲ့နောက် ဒုတိယမြောက် ဓမ္မခရီးဖော်ကလဲ နှစ်မျိုး၊ နှစ်စား ထပ်ပြီးတော့ ကွဲပြား သွားတယ်၊ တဏှာခေါ်တဲ့ အကုသိုလ်ခရီးဖော်က တစ်မျိုး ကုသိုလ်လို့ခေါ်တဲ့ ဓမ္မခရီးဖော်က တစ်မျိုး ဖြစ်တယ်၊ အဲတော့ ဓမ္မခရီးဖော်ဟာ အကျဉ်းအားဖြင့် ပြောရင် ၁-တဏှာဓမ္မခရီးဖော်နဲ့၊ ၂-ကုသိုလ်ဓမ္မ ခရီးဖော်လို့ (၂)မျိုး ရှိတယ်။

-လက်ာ-

**၁။ တဏှာအဖော် ကုသိုလ်တော်၊ ဓမ္မနှစ်မျိုးနော်၊**

**၂။ ကုသိုလ်ဓမ္မ၊ သွားလေက၊ ကင်းပဘေးရန်နော်။**

တဏှာခရီးဖော်ဆိုတာ ဘယ်လိုဟာလဲ "**တဏှာ ဒုတိယော ပုရိသော**" ပုရိသော-အမျိုးသား၊ အမျိုးသမီး သတ္တဝါဟူဟူသမျှသည် တဏှာဒုတိယော-ဟိုဟာ ဒီဟာ လိုချင်တပ်မက်ခြင်း တွယ်တာခြင်း၊ ခင်မင်ခြင်း၊ တဏှာလောဘလျှင် အဖော်ရှိချေ၏။

ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း သတ္တဝါတိုင်း သတ္တဝါ တိုင်း (ရဟန္တာမှတပါး ကျန်ကဲ့) ပုဂ္ဂိုလ်ဟူသမျှဟာ တဏှာအဖော်နဲ့ပဲ သွားလာနေထိုင်ရတယ် ပေါင်းသင်း ဆက်ဆံနေထိုင်ရတယ်။ ဓမ္မစကြာပါဠိတော်မှာ တဏှာ လောဘ သမုဒယ သစ္စာနဲ့စပ်ပြီးတော့ ဘုရားရှင်က "**တတြာတတြာဘိနန္ဒိနီ**"လို့ ဟောပြထားတယ်။ တတြာတတြာဘိနန္ဒိနီဆိုတာက အရာရာ ဟိုဟာ ဒီဟာ အာရုံဟူသမျှကို လိုချင်တယ် တပ်မက်တယ် တွယ်တာတယ် ခင်မင်တယ် သံယောဇဉ်ရှိတယ်။ ဒါကို တဏှာလောဘ သမုဒယသစ္စာလို့ခေါ်ရတယ်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း တစ်နေရာက တစ်နေရာသို့ အလုပ်ကိစ္စနဲ့ပဲ သွားသည်ဖြစ်စေ အလုပ်ကိစ္စ မသွား

ပဲနဲ့ ကိုယ့်အိမ် ကိုယ့်နေရာ ကိုယ့်ကျောင်းမှာပဲ နေသည် ဖြစ်စေ တဏှာအဖော်ကတော့ အမြဲတမ်းပါနေတာပါပဲ ဒီဘဝမှာ တစ်နေရာက တစ်နေရာ သွားရုံတင် တဏှာ အဖော်က ပါတာမဟုတ်သေးဘူး ဒီဘုံဘဝက စုတေ ကွယ်လွန်အနိစ္စရောက်ပြီး တစ်ခြားဘုံဘဝ နောက်ဘဝ ရောက်သွားတယ်၊ တစ်ခါ နောက်ဘုံဘဝကနေ တစ်ခြားနောက်ဘုံဘဝသို့ ဆက်ပြီးသွားတဲ့အခါလဲ ဘယ်အဖော်နဲ့ သွားနေသလဲဆိုတော့ တဏှာအဖော်နဲ့ သွားနေရတယ်၊ အဲဒီတဏှာအဖော်ရဲ့နယ်ပယ်က ၃၁- ဘုံလုံးထိ အကုန်လုံးသွားနိုင်တယ်။ ခုနက ချန်ထား လိုက်တဲ့ အနာဂါမ် အရိယာတွေရှိတဲ့ သုဒ္ဓါဝါသပြဟ္မာ ငါးဘုံတောင်မှ အနာဂါမ်ပြဟ္မာဟာ ပဋိသန္ဓေ တည်လိုက်တာနဲ့ တပြိုင်နက် ဘဝနိကန္တိက လောဘ ဇောကစတယ် တဏှာအဖော်နဲ့စတယ် သုဒ္ဓါဝါသ အရိယာ ပြဟ္မာဘုံမှာတောင်မှ တဏှာအဖော်ဟာ ကပ်ပြီးတော့ ပါနေတာပါပဲ။ ဒါက တဏှာ အဖော်ပါပဲ။

## ကုသိုလ်ဓမ္မ ခရီးဖေါ်များ

ကုသိုလ်အဖော်ကတော့ အမျိုးမျိုးရှိပါတယ်၊ ကုသိုလ်အဖော်က ဘယ်နှစ်မျိုးတောင် ရှိသလဲဆိုတော့ အများအားဖြင့် ခုနကပြောလိုက်တဲ့ ဆုပေးမှာလာတဲ့

အတိုင်း ကာယကံကုသိုလ်အဖော် ဝစီကံကုသိုလ် အဖော် မနောကံကုသိုလ်အဖော် ဒီလိုပြောရင်လဲ ရတယ် (သို့မဟုတ်) ဒါနကုသိုလ်အဖော် သီလကုသိုလ် အဖော် ဘာဝနာ ကုသိုလ်အဖော်လို့ ပြောရင်လဲ ရပါတယ်၊ ဒီနေ့ဟောမဲ့တရား ဓမ္မခရီးဖော်လို့ ခေါင်းစဉ် တပ်ထားတဲ့ အတိုင်း ပြောမယ်ဆိုရင်တော့ ကုသိုလ်ဓမ္မ အဖော်က(၄)မျိုးရှိပါတယ်၊ ၁-ရတနာသုံးပါး ဂုဏ်တော် ပွားပြီးတော့ သွားတဲ့ ဓမ္မခရီးဖော်က တစ်မျိုး ၂-လှူဒါန်းမှုဒါန စောင့်ထိန်းမှု သီလကိုပြုပြီးတော့သွားတဲ့ ဓမ္မခရီးဖော်က တစ်မျိုး၊ ၃-မေတ္တာပွားများ ပို့သပြီး သွားတဲ့ ဓမ္မခရီးဖော်က တစ်မျိုး၊ ၄-သတိပဋ္ဌာန် သမထ ဝိပဿနာဘာဝနာ ရှုမှတ်ပြီးသွားတဲ့ ဓမ္မခရီးဖော်က တစ်မျိုး၊ အဲတော့ ဒီနေ့ဓမ္မခရီးဖော် ဆိုတဲ့တရားတော် နာမည်ခေါင်းစဉ် အောက်မှာ ဓမ္မခရီးဖော်ဟာ (၄)မျိုးကွဲပြား သွားတယ်-

## ကုသိုလ်ဓမ္မ ခရီးဖော် (၄)မျိုး

၁။ နံပါတ် ရတနာသုံးပါး ဂုဏ်တော်ကို ပွားများပြီး သွားတဲ့ ဓမ္မခရီးဖော်၊

၂။ နံပါတ် လှူဒါန်းမှုဒါန စောင့်ထိန်းမှု သီလပြုပြီးတော့ သွားတဲ့ ဓမ္မခရီးဖော်၊

၃။ နံပါတ် မေတ္တာပွားများပို့သပြီးသွားတဲ့ ဓမ္မခရီးဖော်၊ ၄။ နံပါတ် သတိပဋ္ဌာန် သမထဝိပဿနာပွားများ ဆင်ခြင်ရှုမှတ်ပြီးသွားတဲ့ ဓမ္မခရီးဖော်လို့ ဒီနေ့ည အဲဒီဓမ္မခရီးဖေါ် (၄)မျိုးကို အကျယ်ပြောပြပေးမှာပါပဲ။

## (၁) ရတနာ(၃)ပါး ဂုဏ်တော်ပွား ခရီးဖေါ်

ရတနာသုံးပါး ဂုဏ်တော်ပွားပြီးတော့သွားတဲ့ ဓမ္မခရီးဖော်ဆိုတာက ဘုန်းဘုန်းတို့ ဘုရားရှင် လက်ထက်က **"မဟာကပ္ပိနမင်းကြီး"** အမည်ရှိသော အမတ်တစ်ထောင်တို့ ဘုရားရှင်ထံ လာရောက် ဖူးမြော်တဲ့အခါ မြစ် ၃-စင်းကို မြင်းစီးပြီးတော့ ဖြတ်ကြတယ်။ မြစ် ၃-စင်းကို မြင်းစီးပြီးတော့ ဖြတ်တဲ့အခါ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ် ရတနာ ၃-ပါး ဂုဏ်တော်တွေပွားပြီးတော့ သစ္စာပြုပြီးဖြတ်တဲ့အတွက် မြင်းဟာ ရေထဲမနစ်သလို မြင်းပေါ်စီးတဲ့ မဟာကပ္ပိနမင်းကြီးတို့လဲ ရေထဲမှာမနစ်ဘူး။ မြေပြင်ပေါ်မှာ ဖြတ်သန်းသွားတဲ့အတိုင်းပဲ ချောချောမောမောဖြတ်ပြီးတော့ ဘုရားရှင်ထံ ရောက်သွားတယ်။ မဟာကပ္ပိန မင်းကြီး ရတနာ ၃-ပါး ဂုဏ်တော်ပွားပုံက ဘုရားဂုဏ်တော်နှင့် စပ်ပြီးတော့-

**ဘဝ သောတံ သစေ ဗုဒ္ဓေါ**
**တိဏ္ဏော လောကန္တဂူ ဝိဒူ။**
**ဧတေန သစ္စဝဇ္ဇေန၊**
**ဂမန့် မေ သမိဇ္ဈတု။**

ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားသိမြင်ပြီး ဘုရားရှင်သည်၊ ဘဝသောတံ၊ ဘဝတည်းဟူသော ရေအယဉ်ကို။ တိဏ္ဏော၊ ကူးမြောက်တော်မူပြီးသည်။ လောကန္တဂူ၊ လောကနိဂုံး၊ ဆုံးရာအမှန်၊ နိဗ္ဗာန်သို့ ကြွသွားတော်မူသည်။ (ဝိဒူ၊ တရားဉသုံ အလုံးစုံကို အကုန်သိမြင်သည်)။ သစေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ဖြစ်သည် ရှိသော်။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ - နှုတ်သံ၊ ဟုတ်အမှန်ကို၊ ထုတ်ပြန်လှစ်ကြား၊ သစ္စာစကားကြောင့်။ မေ၊ ဘုရား တပည့်တော်၏။ ဂမနံ၊ သိဒ္ဓိမှန်းပြီး (ဘ၈)လမ်းခရီးသည်။ သမိဇ္ဈတု၊ အောင်မြင်ပြီးမြောက်၊ ခရီးရောက်ပါ စေသတည်း။

ဘုရားရှင်ဟာ ၃၁-ဘုံတည်းဟူသော ရေအလျဉ်ကို ဖြတ်သန်းပြီးသွားပြီ။ လောက၏အဆုံးဖြစ်သော နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုသောအားဖြင့် ရောက်ပြီးပြီ၊ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် တရားဉသုံအလုံးစုံကိုလည်းပဲ သိမြင်ပြီးသွားပြီ။ ဒီစကားကို

မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့် ဘုရားရှင်ထံ သွားရောက်ခြင်းခရီးစဉ် ချောချောမောမော အောင်မြင် ပါစေသတည်း ဒီလိုအဓိပ္ပါယ်ရတယ်။ နောက် ဒုတိယ မြစ်ကို ဖြတ်တဲ့အခါမှာတော့ တရားဂုဏ်တော် ပွားများ ပြီးတော့ ဖြတ်သန်းသွားတယ်။

**ယဒိ သန္တိဂမော မဂ္ဂေါ မောက္ခော စဉ္စန္တိကံ သုခံ။**

**ဓမ္မေန သစ္စဝဇ္ဇေန ဂမနံ မေ သမိဇ္ဈတု။**

မဂ္ဂေါ၊ မဂ်လေးတန်သည်၊ သန္တိဂမော၊ နိဗ္ဗာန်သို့ရောက်ကြောင်း၊ လမ်းကောင်းစင်စစ်သည်၊ မောက္ခောစ၊ နိဗ္ဗာန်ပရမတ်သည်လည်း၊ အစ္စန္တိကံသုခံ၊ စင်စစ်မုချ၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းရာမှန်လှ၊ သုခစင်စစ် သည်၊ ယဒိ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့၊ ဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်၊ ဓမ္မေန သစ္စဝဇ္ဇေန၊ ဤသို့ နှုတ်သံ၊ ဟုတ်အမှန်ကို၊ ထုတ်ပြန်လှစ်ကြား၊ သစ္စာ စကားကြောင့်၊ မေ ၊ ဘုရား တပည့်တော်၏၊ ဂမနံ၊ သိဒ္ဓိမှန်းပြီး (ဘ၀)လမ်းခရီးသည်၊ သမိဇ္ဈတု၊ အောင်မြင် ပြီးမြောက်၊ ခရီးရောက်ပါစေသတည်း။

မဂ္ဂင် ၈-ပါးဟာ နိဗ္ဗာန်ကို ရောက်ကြောင်း ကျင့်စဉ်ဖြစ်တယ်၊ နိဗ္ဗာန်ဟာ လောကမှာ အချမ်းသာဆုံး တရားဖြစ်တယ်။ ဒီမှန်ကန်တဲ့ ဝစီသစ္စာစကားကြောင့်

ဘုရားရှင်ထံ သွားရောက်ကြောင်းခရီးစဉ် ချောချော မောမော အောင်မြင်ပြီးစီးရောက်ရှိပါစေသတည်း။ ဒီလို သစ္စာပြုပြီးတော့သွားလိုက်တဲ့အခါ ဒုတိယမြစ်ကိုလဲ ချောချောမောမော ဖြတ်သန်းသွားနိုင်တယ်။ တတိယ မြစ်ရောက်တဲ့အခါ သံဃဂုဏ်တော်ကို ပွားများတယ်။

**သံဃော စ တိဏ္ဏကန္တာရော၊**

**ပုညက္ခေတ္တော အနုတ္တရော။**

**ဧတေန သစ္စဝဇ္ဇေန၊**

**ဂမနံ မေ သမိဇ္ဈတု။**

သံဃော၊ သံဃာတော်သည်။ တိဏ္ဏကန္တာရော၊ သံသရာကြီး၊ ခရီးအခက်အခဲမှ၊ ဖဲခွာထူးရောက်၊ ကူးမြောက်တော်မူသည်။ အနုတ္တရော၊ သည်မှတစ်ပါး၊ တခြားတစ်သွန်၊ အလွန်အသာမရှိသော။ ပုညက္ခေတ္တော၊ ကောင်းမှုမျိုးကို၊ စိုက်ပျိုးကြဲချရာ၊ လယ်ယာမြေကောင်း သည်။ စ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ ဖြစ်သည်ရှိသော်။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ၊ ဟုတ်အမှန်ကို ထုတ်ပြန်လှစ်ကြား၊ သစ္စာစကား ကြောင့်။ မေ၊ ဘုရား တပည့်တော်၏။ ဂမနံ၊ သိဒ္ဓိမှန်းပြီး (ဘဝ)လမ်းခရီးသည်။ သမိဇ္ဈတု၊ အောင်မြင်ပြီးမြောက်၊ ခရီးရောက်ပါ စေသတည်း။

သံဃာ့အထောက်တော်တွေအဖို့ကတော့ ဘဝခရီးခဲကို ကျော်လွန်ပြီးသွားပြီ၊ အဘုမရှိ အမြတ်ဆုံးဖြစ်တဲ့ ကုသိုလ် ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လဲဖြစ်တယ်။ ဤမှန်ကန်သော သစ္စာ စကားကြောင့် ဘုရားရှင်ထံ သွားရောက်ခြင်းခရီးစဉ် အောင်မြင်ပြီးစီးပါစေသတည်း။ ဒီလိုသစ္စာပြုပြီးတော့ သွားလိုက်တဲ့အခါ တတိယမြစ်ကိုလဲပဲ ချောချော မောမော ဖြတ်သန်းပြီး ဘုရားရှင်ထံ ရောက်ရှိ သွားတယ်။ အဲဒီတော့ မဟာကပ္ပိနမင်းကြီးတို့ ခရီးသွားတာကိုတော့ ရတနာသုံးပါး ဂုဏ်တော်ပွားပြီးတော့ ခရီးသွားတဲ့ ခမ္ဘခရီးဖော်လို့ခေါ်ရတယ်။ ဒီအစဉ်အလာ အတိုင်း ကျေးဇူးရှင် "**မင်းကွန်းတိပိဋက ဆရာတော်ကြီး**" တို့လိုပဲ မြန်မာပြည်အနှံ့ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးတွေဆောက်ဖို့ ခမ္ဘခရီးစဉ် ကြွချီတဲ့ အခါ ဒီ ၃-ဂါထာရွတ်ပြီးတော့ ရတနာသုံးပါး ဂုဏ်တော်တွေကို ပွားပြီးတော့ကြွတယ်။ ကြွတဲ့အတွက် မင်းကွန်းတိပိဋက ဆရာတော်ကြီးရဲ့ ခမ္ဘခရီးစဉ်တွေဟာ အန္တရာယ်မရှိပဲနဲ့ ချောချောမောမော အောင်မြင်သွားတယ်။

နောက်ဘုန်းဘုန်းတို့ မဟာသမယသုတ် ပါဠိတော်မှာလာတဲ့ သာတာဂိရဘီလူး၊ ဟေမာဝတ

ဘီလူး၊ အာဠဝကဘီလူး ဒီဘီလူးတွေဟာ ပထမ တော့ ပုထုဇဉ်တွေပါပဲ နောက်ဘုရားရှင်နဲ့တွေ့ပြီးတော့ သောတာပန် အရိယာဖြစ်တဲ့အခါ ဘုရားရှင်ကို လျှောက်ထားကြတယ်။ တပည့်တော်တို့ နတ်မြို့ တစ်မြို့ကနေ တစ်မြို့၊ နတ်ရွာ တစ်ရွာကနေ တစ်ရွာ၊ နတ်တောင်တစ်တောင်ကနေ တစ်တောင်၊ တစ်နေရာ ကနေ တစ်နေရာကိုသွားတဲ့အခါ ယခင်က ပုထုဇဉ်တွေ သွားသလို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ပျော်ပျော် ပါးပါး မသွားတော့ပါဘူး။ ဘုရားရှင်ကိုရှိခိုး၊ တရားတော်ရဲ့ကောင်းသော တရားအဖြစ်ကိုချီးမွမ်း၊ သံဃာတော်တွေရဲ့ ကောင်းစွာကျင့်ကြံကြိုးကုတ် အားထုတ်ပုံတွေကို ဆင်ခြင်ပြီးတော့ ခရီးသွား ပါတော့မယ် ဘုရားလို့ ဒီလိုလျှောက်ထားကြတယ်။

**သောအဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။**

**နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။**

သောအဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ ကိုယ်တိုင် သိမြင် ဘုရားရှင်ကို။ နမဿမာနော၊ ရှိခိုးလျက်ရင်း၊ ဓမ္မဿ၊ တရားတော်၏။ သုဓမ္မတံစ၊ ကောင်းသော တရား၏အဖြစ်ကိုရင်း။ (သံဃဿ၊ သံဃာတော်၏။ သုပ္ပဋိပန္နတံစ၊ ကောင်းစွာကျင့်တော်မူ သည်၏အဖြစ်

ကိုဒင်း။ အဘိတ္ထဝိတ္တာ ၊ ချီးမွမ်းရှဲဒင်း။) ဂါမာ၊ နတ်ရွာ တစ်ရွာမှ။ ဂါမံ၊ နတ်ရွာတစ်ရွာသို့ဒင်း။ ပုရာ၊ နတ်မြို့ တစ်မြို့မှ။ ပုရံ၊ နတ်မြို့တစ်မြို့သို့ဒင်း။ ဝိစရိဿာမိ၊ လှည့်လည် သွားလာပါတော့အံ့။

**တေ မယံ ဝိစရိဿာမ၊ ဂါမာဂါမံ နဂါနဂံ။**

**နမဿမာနာ သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။**

ဘန္တေ-ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပ တော်မူသော မြတ်စွာဘုရား။ တေ မယံ- ထိုအကျွန်ုပ် တို့သည် ။ (ဣတော ပဋ္ဌာယ - ယနေ့မှစ၍။) သမ္ဗုဒ္ဓံ- သမ္ဗုဒ္ဓဘာဝ္ဓ-သုံးလောကထွတ်ထား ရှင်တော်ဘုရား ၏ များပြားပြောဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံ ထင်ရှား ဟုတ်မှန်သော ဘုရားအဖြစ်ကိုဒင်း။ ဓမ္မဿ-မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်၏။ သုဓမ္မတဥ္စ-ဝဋ်မှထွက်ကြောင်း ကောင်းသော တရား၏ အဖြစ်ကိုဒင်း။ နမဿမာနာ-ဤသို့စသည် ရတနာ သုံးမည်၏ ဂုဏ်ရည်သီးသီး အံ့မပြီးကို တချီးမွမ်းမွမ်း၊ မြတ်ဆိုညွှန်း၍၊ ဦးစွန်းထိပ်ပြင်၊ ဆယ်လက်စုံတင်ပြီး လျှင်၊ ကြည်ရွှင်မြတ်နိုး၊ ရှိခိုးပူဇော်၊ နိဗ္ဗာန်ဆော် ဖြစ်ကြ ကုန်လျက်၊ ဂါမာ-နတ်ရွာ တခုမှ၊ ဂါမံ-နတ်ရွာတခု သို့ဒင်း၊ နဂါ-နတ်တောင်တခုမှ၊ နဂံ-နတ်တောင်

တခုသို့ငှင်း၊ ဝိစရိဿာမ-လှည့်လည်ကျက်စား၊ သွား လာကြွေးကြော်၊ ကြပါကုန်အံ့ဘုရား။

သုံးလူ့ရှင်ပင် ဒို့ထိပ်တင်သည် သဗ္ဗညုတ ဉာဏဦးကိုင် စိုးမိုးပိုင်သည့် ဘုန်းလှိုင်ဘုရား မှန်လှ ငြား၏။ မြတ်ဖျား ဇိနော် စိန္တေယျော်သည် ဆယ်ဖော်ဓမ္မ မြတ်ထွတ်လှကို စ, လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောညွှန်ကြားခဲ့။ ရှစ်ပါးအရိယာ မြတ်သံဃာလည်း သိက္ခာသုံးရပ် ချီးမွမ်း အပ်သည့် စေ့စပ်လုံးစုံ ကျင့်ဖုံဖုံကို အာရုံနှစ်လို့ အားသစ်မြို့၏။ (တိပိဋက မင်းကွန်းဆရာတော်)

အဲဒီသရဏဂုံ ဂါထာနဲ့ ရွတ်ဆို ဆင်ခြင်ပြီးမှ သာတာဂိရဘီလူး၊ ဟေမဝတဘီလူး၊ အာဠာဝက ဘီလူးတို့ ခရီးသွားကြတယ်၊ သွာတဲ့ခရီးစဉ်တိုင်းဟာ အနှောက်အယှက်မရှိပဲနဲ့ အောင်မြင်သွားတယ်၊ အင်္ဂလိပ်ခေတ်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ မဃဒေဝ လင်္ကာ ကဗျာကျမ်းကြီးကို ရေးသားတော်မူတဲ့ **"မန်လည်ဆရာတော်ဘုရားကြီး"** ဆိုရင်လည်းပဲ၊ တစ်မြို့ တစ်ရွာကနေပြီးတော့ တခြား တစ်ရွာတစ်မြို့ကို ခရီး ကြွတဲ့အခါ အာဠာဝကဘီလူးတို့ သရဏဂုံဆောက် တည်တဲ့ တပ္ပရာယဏ သရဏဂုံ ဂါထာဖြင့် ဘုရား

တရား သံဃာ ဟူသော ရတနာသုံးပါး ဂုဏ်တော်တွေ ပွားများပြီးသွားတဲ့အတွက် မန်လည်ဆရာတော်ကြီးရဲ့ ဓမ္မခရီးစဉ်တွေ ဟာလည်းပဲ အန္တရာယ်ကင်းကင်း ရှင်းရှင်းဖြစ်ပြီးတော့ အောင်မြင်သွားရတယ်၊ ဒါ (၁)နံပါတ် ဓမ္မခရီးဖော်ပါပဲ။

## (၂) ဒါန,သီလပြုသွား ခရီးဖော်

(၂)နံပါတ် ဓမ္မခရီးဖော်က လှူဒါန်းခြင်းဒါန၊ စောင့်ထိမ်းခြင်းသီလ ပြုပြီးတော့သွားတဲ့ ဓမ္မခရီးဖော်ပါ၊ ဘုန်းဘုန်းတို့ ဘုရားရှင်လက်ထက်တော်အခါက **"စိတ္တသူကြွယ်"** ဟာ အလွန်ချမ်းသာကြွယ်ဝတယ် သူသွား လေရာမှာ လှူဖွယ်ဝတ္ထု လှူစရာပစ္စည်းတွေ လှည်းနဲ့တိုက်ပြီးတော့ သယ်သွားတယ်၊ ရောက်လေရာ မြို့ရွာတို့မှာလည်း မိတ်ဆွေအပေါင်းအသင်းတွေက အလွန်ပေါတဲ့အတွက် လက်ဆောင်ပစ္စည်းတွေ လာပြီးတော့ အများကြီးပို့ကြတယ်၊ ပို့သမျှလက်ဆောင် ပစ္စည်းတွေကို ရောက်လေရာအရပ်မှာရှိတဲ့ သံဃာတော်တွေကို လှူဒါန်းတယ်၊ မရှိဆင်းရဲနွမ်းပါတဲ့ ပုဂ္ဂိုလ်တွေကို ပေးကမ်းပြီးမှ ခရီးသွားတဲ့အတွက် စိတ္တသူကြွယ်တို့ ခရီးသွားနည်းဟာ ဒါနခရီးစဉ်နဲ့ သွားတယ် လို့ခေါ်ရတယ်၊ ငါးရာငါးဆယ် ဇာတ်တော်ထဲက

သမ်ဇာတ်တော်မှာ ဘုရားလောင်း **"သမ်ပုဏ္ဏား"** တို့ ခရီးသွားတဲ့အခါလဲ လှူဒါန်းခြင်း ဒါန စောင့်ထိမ်းခြင်း သီလနဲ့သွားကြတယ်၊ ဘ၀တစ်ခု ပါရမီဖြည့်တဲ့အခါ သမုဒ္ဒရာ ပင်လယ်ဖြတ်ပြီးတော့ ခရီးသွားဖို့ကြုံတဲ့အခါ ဘုရာလောင်းသမ်ပုဏ္ဏားဟာ သဲသောင်ပြင်ကို ဖိနပ်စီး ထီးဆောင်းပြီးတော့ ဖြတ်လာတယ် ဒီအခါမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ထီး,ဖိနပ်မပါပဲနဲ့ သဲသောင်ပြင်ဖြတ် လာတာ တွေ့တဲ့အခါ သမ်သူဌေးက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပင့်ပြီးတော့ သူစီးထားတဲ့ ဖိနပ်နှင့် ဆောင်းလာတဲ့ထီးကို လှူလိုက်တယ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က သူ့ရှေ့မှာ ဝါးတရိုက်လောက် သောင်ပြင် သဲထဲမှာ ဖိနပ်စီး,ထီးဆောင်း ပြလိုက်တယ် ဝါးတ ရိုက်လောက် ကျော်တဲ့အခါမှ အထက်ကောင်းကင်ကို ပျံတက်သွားတယ် ဒီအခါမှာ သမ်သူဌေး ပုဏ္ဏားက ရိုပ်မိသွားတယ်။

ဩော် - ဒီပစ္စေကဗုဒ္ဓါအရှင်မြတ်ဟာ သက်သက် ငါ့ထံက ထီး,ဖိနပ်အလှူခံချင်လို့ ငါ့ကိုချီး မြှောက် ချင်လို့ သဲသောင်ပြင်မှာ ထီး,ဖိနပ်မပါပဲ ငါ့ရှေ့ ကြွလာတာပဲဆိုတာ သိပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ် ဒါနဲ့သင်္ဘောစီးတဲ့ အခါ (၇)ရက်မြောက်မှာ

သဘော်ပျက်သွားတယ်၊ သဘော်ပျက်တော့ ပျဉ်ချပ်လေးရပြီး ပင်လယ်ထဲမှာ မျောပြီးတော့ သွားရတယ်။ အဲ (၁၂)နာရီအတွင်းမှာ သဘော်ပျက်က မျောလာတဲ့ အစား အသောက်တွေကို တွေ့ရင်တော့ သုံးဆောင်တယ်၊ (၁၂)နာရီကျော်ရင်တော့ မွန်းတည့်ပြီဆိုရင် ပင်လယ်ရေနဲ့ပဲ ခံတွင်းပါးလုပ်ကျင်းပြီးတော့ ဥပုသ်စောင့်တယ် သေမင်းနဲ့ ရင်ဆိုင်နေရတဲ့ ပင်လယ်သမုဒ္ဒရာအတွင်းသော်မှ အစားအသောက်ကို မစားပဲနဲ့ သခ်ပုဏ္ဏားတို့ဟာ ဥပုသ်စောင့်တည်ပြီး ခရီးသွားကြတယ်၊ ဒါန,သီလနဲ့ ခရီးသွားတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘေးရန်အန္တရာယ် မကြုံတွေ့ရဘူး၊ ပင်လယ် သမုဒ္ဒရာကိုစောင့်တဲ့ မဏိမေခလာ နတ်သမီးက ကယ်တင်ရုံတင်မက လှေ့ပေါ်မှာ ရတနာတွေပါ အပြည့်ထည့်ပေးလိုက်ရတယ်၊ အဲဒီလို စိတ္တသူဌေးသူကြွယ်တို့ သခ်ပုဏ္ဏားတို့ ခရီးသွားတဲ့အခါ လှူဒါန်းခြင်းဒါန စောင့်ထိန်းခြင်း သီလနဲ့သွားတဲ့ ဓမ္မခရီးဖော်လို့ခေါ်ရတယ်။

## (၃) မေတ္တာပွားများ ခရီးဖော်

နံပါတ်(၃)ခရီးဖော်က ဘာလဲဆိုတော့ မေတ္တာပွားများပို့သပြီးသွားတဲ့ ဓမ္မခရီးဖော် ဒါကတော့ ဘုန်းဘုန်းတို့ ဘုရားရှင်လက်ထက်က အနာထပိဏ်

သူဌေးကြီးတို့ရဲ့ညီ ရဟန္တာဖြစ်တဲ့ **"သုဘူတိ ရဟန္တာ မထေရ်"** ဆိုတာရှိတယ်၊ သုဘူတိရဟန္တာ မထေရ်တို့ ခရီးသွားတဲ့အခါ အလှူရှင်ဒကာ+ဒကာမတွေက လှူဒါန်းတဲ့အခါ မေတ္တာပွားများပို့သပြီးတော့ ခရီးသွားတယ် မေတ္တာပို့သပွားများပြီးမှ အလှူခံတယ်၊ **"ဝနဝါသီ တိဿ သာမဏေ"** တို့ ခရီးသွားတဲ့အခါ ဒကာ+ ဒကာမတွေက လှူဒါန်းတဲ့အခါ **"သုခိတာ ဟောထ ဒုက္ခာ မုစ္စထ"**-အလှူရှင်တွေ မြင်သမျှ တွေ့သမျှ ပုဂ္ဂိုလ်တွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ဆင်းရဲ ခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ။ အဲဒီလို ဝနဝါသီတိဿ သာမဏေတို့ ခရီးသွားတာဟာ မေတ္တာပွားများပို့သပြီးသွားတဲ့ ခမ္မခရီးဖော်လို့ ခေါ်ရတယ်။

သီဟိုဠ်ခေတ်မှာတော့ စိတ္တလတောင်မှာ သီတင်းသုံးတဲ့ ဝိသာခမထေရ် ဆိုတာရှိတယ်၊ **"ဝိသာခ မထေရ်"** ပွားများပို့သတဲ့ မေတ္တာအရှိန်အဝါက စိတ္တလတောင် တစ်တောင်လုံးထိ ပြန့်နှံ့တယ် အဲဒီ တောင်မှာ ရှိတဲ့ သားရဲငှက် တိရစ္ဆာန်တွေ ရုက္ခစိုး နတ်တွေထိ မေတ္တာကပြန့်နှံ့တယ်၊ အဲဒီ စိတ္တလ တောင်မှာနေပြီးတဲ့နောက် ဝိသာခရဟန္တာ ပြန်မယ်

လုပ်တော့ အဲဒီမှာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်တွေက ငိုယိုပြီးတော့ လျှောက်ကြတယ် တားကြတယ်၊ အရှင်ဘုရား ဒီစိတ္တလတောင်မှာ နေတဲ့ အတွက် သားရဲ တိရစ္ဆာန်တွေ တကောင်နဲ့ တကောင် ဆိုပါစို့ ကျားနဲ့သမင်၊ ဆင်နဲ့ကျား ရန်မမူပဲနဲ့ မေတ္တာ သက်ဝင်နေကြတယ်၊ နတ်တွေလည်းပဲ တစ်ဦးပေါ် တစ်ဦး အမျက်မထွက်ပဲနဲ့ အရှင်ဘုရားရဲ့ မေတ္တာ အရှိန်အဝါကြောင့် အကုန်လုံးပဲငြိမ်းချမ်းနေကြတယ် အရှင်ဘုရားသာ ပြန်သွားပြီ ဆိုရင်တော့ ဒီတောထဲမှာ ရှိတဲ့ သားရဲ တိရစ္ဆာန်တွေ နတ်တွေအကုန်လုံးပဲ မညီ မညွတ်ဖြစ်ကုန်ကြပါလိမ့်မယ် ဖြစ်နိုင်ရင် ဒီစိတ္တလ တောင်မှာပဲ နေထိုင်ပေးပါ ဒီလိုနတ်တွေက ငိုယိုပြီး တော့ တောင်းပန်ကြတယ်၊ ဒါနဲ့ပဲ ဝိသာခရဟန္တာ မထေရ်ဟာ ပရိနိဗ္ဗာန်စံတဲ့အထိ အဲဒီ စိတ္တလတောင်မှာ သီတင်းသုံးနေထိုင်သွားရတယ်၊ အဲဒီ စိတ္တလတောင် ဆိုတာက ဘုန်းဘုန်းတို့ သီရိလင်္ကာနိုင်ငံမှာရှိတယ်၊ အိန္ဒိယသမုဒ္ဒရာကမ်းစပ်နဲ့နီးတယ် ရဟန္တာတွေ အလွန် အဖြစ်များတဲ့ တောင်ပါပဲ၊ ရဟန္တာတွေ အဖြစ်များတဲ့ တောင်ဆိုတော့ ရဟန္တာတွေ သီတင်းသုံးသွားတဲ့ ကျောက်လှိုင်ဂူ တွေလဲရှိတယ်၊ ရဟန္တာတွေသီတင်းသုံး

သွားပြီးတဲ့နောက် မေတ္တာကြီးမားတဲ့ သူတော်ကောင်းတွေ နေထိုင်သွားတယ်ဆိုတော့ အဲဒီတောင်မှာရှိတဲ့ ငှက်,တိရစ္ဆာန်တွေ နတ်တွေဟာလဲပဲ ယဉ်ကျေးသိမ်မွေ့ကြတယ်။

လွန်ခဲ့တဲ့ ၆-နှစ်၊ ၇-နှစ် လောက်က တကမ္ဘာလုံးတုန်ခါသွားတဲ့ ဆူနာမီလှိုင်းကြီးဖြစ်တယ် ဖြစ်တော့ သီရိလင်္ကာ နိုင်ငံကလဲ အိန္ဒိယသမုဒ္ဒရာကမ်းခြေဆိုတော့ တော်တော်လူတွေ ပျက်စီးသွားတယ် သို့ပေမဲ့ တခြားနေရာကကမ်းခြေတွေ ပျက်စီးပေမဲ့ စိတ္တလတောင်ကမ်းခြေက မပျက်စီးဘူး စိတ္တလတောင်ကမ်းခြေမှာရှိတဲ့ ငှက်တွေ တိရစ္ဆာန်တွေ ဆူနာမိလှိုင်းမဖြစ်ခင် အကုန်လုံးပဲ ပြောင်းသွားကြတယ် ဒါဟာ သူတော်ကောင်းတွေရဲ့ နေရာမှာ နေထိုင်ခွင့်ရတဲ့ပုဂ္ဂိုလ်တွေ ခံစားခွင့်ရတဲ့အကျိုးပါပဲ။ အဲတော့ သုဘူတိ ရဟန္တာမထေရ်တို့ ဝနဝါသီတိဿ သာမဏေတို့ ဝိသာခမထေရ်တို့ဟာ ခရီးပဲသွားသွား မသွားပဲနဲ့ ကိုယ့်အိမ်ကိုယ့်ကျောင်းကိုယ့်နေရာမှာပဲနေနေ မေတ္တာပွားများနေတဲ့အတွက် ဒီပုဂ္ဂိုလ်တွေ့ရဲ့နေထိုင်နည်းသွားနည်းဟာ မေတ္တာမွှေခရီး ဖော်လို့ ခေါ်ရတယ်။

ဒီနည်းအတိုင်း ဘုန်းဘုန်းတို့ မြန်မာပြည်က **"တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ"** ဟာ ကျင့်သုံးသွားတယ် ဆရာတော်ကြီးဟာ ချင်းပြည်နယ် ဖလန်းတောင်ကြီးပေါ်မှာနေတယ် တောင်ပေါ်ကနေ တောင်အောက်ဆင်းပြီး မြန်မာပြည်အနှံ့ တောအထပ်ထပ် တောင်အသွယ်သွယ်ကို သွားခဲ့တယ် တပါးထဲပဲ သွားတာပါပဲ အဲဒီလို သွားတဲ့အခါ ခရီးသွားနည်း၊ မေတ္တာပို့သပြီးတော့ သွားတဲ့အတွက် တောင်တန်းသာသနာပြု ဆရာတော်ကြီးရဲ့ ခရီးစဉ်ဟာ အန္တရာယ်ကင်းသွားရပါတယ်၊ ဒီနေရာမှာ တောင်တန်းသာသနာပြုဆရာတော်ကြီးရဲ့ ခရီးသွား မေတ္တာပို့နည်းဖြင့် ရွတ်ဆိုပို့သ ပွားများလိုက်ကြရမည်။

## ခရီးသွား မေတ္တာပို့နည်း

(၁) ငါ၏ ရှေ့တူရူအရပ် သွားမည့်နေရာ၌ ရှိကြကုန်သော - နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန် ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၂) ငါ၏ နောက်အရပ်၌ ရှိကြကုန်သော - နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်

ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၃) ငါ၏ လက်ဝဲဘက်အရပ်၌ ရှိကြကုန်သော-နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာ ဆန္ဒ ပြည့်ဝကြပါစေ။

(၄) ငါ၏ လက်ျာဘက်အရပ်၌ ရှိကြကုန်သော-နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာ ဆန္ဒ ပြည့်ဝကြပါစေ။

(၅) ငါ၏ အထက်အရပ်၌ ရှိကြကုန်သော -နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန် ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၆) ငါ၏ အောက်အရပ်၌ ရှိကြကုန်သော-နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည်

ဘေးရန်ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

## နေရာတိုင်းမှာ ပြုလုပ်ရန်

ခုပြော နေတာက ဓမ္မခရီးဖော်ဆိုတဲ့ စကားအတိုင်း ပြောနေလို့ သွားတယ်လာတယ်ဆိုတဲ့ စကားကို ထည့်ပြော နေတာပါပဲ ကိုယ့်အိမ်မှာနေရင်၊ ကိုယ့်ကျောင်းမှာနေရင်လဲ ဒါကိုကျင့်သုံးရမှာပါပဲ။ ဆိုင်မှာဈေးရောင်းရင်လဲ ကျင့်သုံးရမှာပါပဲ၊ ခရီးဆိုတာက ပကတိပုံမှန် ခရီးကတော့ ဟိုသွားဒီသွား ဟိုမြို့ဒီမြို့ ဟိုရွာ ဒီရွာ ဟိုနိုင်ငံ ဒီနိုင်ငံသွားတာ ဟုတ်တယ်၊ ဘဝခရီးရောက်တော့ ကိုယ့်နေရာကို နေရင်လဲပဲ ဘဝခရီးသွားပဲ ဖြစ်တယ်၊ နောင်သံသရာ ခရီးလဲ ဒီအတိုင်းပဲ ကိုယ့်နေရာကိုယ့်နေရင်လဲပဲ ထိုင်နေအုံးတော့ အိပ်နေအုံးတော့ သံသရာခရီးသွားပဲ ဘဝခရီးသွားပဲ၊ ဒီတော့ ခုပြောနေတဲ့စကားထဲမှာ သွားတယ်သွားတယ်ဆိုတော့ ဩဘ်ခရီးသွားမှုပဲ ရတနာသုံးပါးဂုဏ်တော်ပွားပြီးသွားရမယ်၊ ဒါန,သီလပြုပြီးသွားရမယ်၊ မေတ္တာပွားပြီး သွားရမယ်၊ ဒီလိုတော့ ဆိုလိုတာ မဟုတ်ဘူး ကိုယ့်အိမ်ကိုယ့်ကျောင်း၊ ကိုယ့်နေရာ၊ ကိုယ့်ဆိုင်မှာထိုင်နေရင် အိပ်နေရင်လဲပဲ ဒီ (၃) မျိုးပွားများ နေရမှာပါပဲ။

## (၄) သတိပဋ္ဌာန်ပွား ခရီးဖော်

နောက်ဆုံး ဘုန်းဘုန်းတို့ ဓမ္မခရီးဖော်ကဘာလဲ ဆိုတော့ သတိပဋ္ဌာန် သမထဝိပဿနာ ရှုမှတ်ဆင်ခြင် ပွားများပြီး သွားတဲ့ဓမ္မခရီးဖော်ပါ ဒါကတော့ ဘုန်းဘုန်းတို့ မဟာသတိပဋ္ဌာနသုတ်ပါဠိတော် သာမညဖလသုတ်ပါဠိတော်တို့မှာ သတိသမ္ပဇည (၇) ဌာနဆိုပြီးတော့ ဘုရားရှင်ဟောကြားတယ်။

**(၁) ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊**

**(၂) အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊**

**(၃) သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊**

**(၄) သင်္ဃာဋိပတ္တစီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊**

**(၅) အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊**

**(၆) ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊**

**(၇) ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။**

(၁) ဘိက္ကန္တေ၊ ရဟန်းတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တနည်းရှုမြင်ပုံမှာ။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့ တက်သွားသည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ရှေ့သို့ တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၂) အာလောကိတေ၊ တူရှုကြည့်သည်ရှိသော်။ ဝိလောကိတေ၊ တစောင်းကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ တူရှုကြည့်ခြင်း, တစောင်းကြည့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၃) သမိဉ္ဇိတေ၊ ဆန့်သော လက်ခြေကို ကွေးသည်ရှိသော်။ ပသာရိတေ၊ ကွေးသောလက်ခြေကို ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ ပညာဖြင့် ဆင်ခြင်၍ ကွေးခြင်း, ဆန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၄) သင်္ဃာဋိပတ္တစီဝရဓာရဏေ၊ ဒုကုဋ်, သပိတ်, သင်္ကန်းကို ဆောင်သည်,ဝတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ဒုကုဋ်, သပိတ်, သင်္ကန်းကိုဆောင်ခြင်း,ဝတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၅) အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာန-ကာရီ၊ ပညာဖြင့်ဆင်ခြင်၍ စားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၆) ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီး ကျင်ငယ်ကို စွန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ကျင်ကြီး ကျင်ငယ်ကို စွန့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၇) ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ စကားဆိုသည်,တရားဟောသည်, တရား ရွတ်ရှိသော်။ တုဏှိဘာဝေ၊ ဆိတ်ဆိတ်နေသည် ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ သွားခြင်း စသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် သတိသမ္ပဇဉ် ဆင်ခြင်ဉာဏ်ဖြစ် ရမည့် (၇)ဌာနကို ဘုရားရှင်က ဟောပြထားတယ်၊ ခြေထောက်နဲ့ ရှေ့ပဲသွားသွား နောက်ပဲဆုတ်ဆုတ် သတိသမ္ပဇဉ်အမှတ်နဲ့သွားရမယ်၊ လက်ကိုကွေးသည်ပဲ

ဖြစ်စေ,ဆန့်တန်းသည်ပဲဖြစ်စေ, သတိသမ္ပဇဉ်ဉာဏ် အမှတ်နဲ့ ကွေးရဆန့်ရမယ် သင်္ကန်းကိုယမ်းတယ်, ဝတ်တယ်, ရုံတယ်, ခြုံတယ်၊ ဆွမ်းခံသွားတဲ့အခါ သပိတ်ပိုက်တယ်, သပိတ်ကို ပခုံးပေါ်ထမ်းတယ်၊ ဒါ- ရဟန်းသံဃာတွေပေါ့လေ လူတွေဆိုလို့ရှိရင်လည်း ချိုင့်ဆွဲတယ် ခွက်ကိုင်တယ်၊ ဒီလိုအခါမှာလဲပဲ သတိ သမ္ပဇဉ် အမှတ်နဲ့ပဲ သွားလာလှုပ်ရှားရမယ် နောက် တခါ စားတယ်,သောက်တယ်၊ နောက်ဆုံးအပေါ့ အလေး ကျင်ကြီး ကျင်ငယ် စွန့်ရင်တောင်မှ စွန့်တယ်၊ စွန့်တယ်ဆိုပြီးတော့ အမှတ်သညာနဲ့ သတိသမ္ပဇဉ် ဉာဏ်ပညာနဲ့ ဆင်ခြင်ရမယ်၊ ဘယ်လှုပ်ရှားမှုမျိုးမှ အမှတ်မလွတ်ရဘူး သွားလာလှုပ်ရှားမှု ကိုယ်အမူ အရာဟူသမျှ လှုပ်ရှားသမျှ သတိသမ္ပဇဉ် ဉာဏ်ပညာ နဲ့ဆင်ခြင်ပြီးတော့ သမထဝိပဿနာ ရှုမှတ်ပြီး သွားတာကိုတော့ သတိသမ္ပဇဉ် သမထဝိပဿနာ ဉာဏ်ပညာဖြင့် ဆင်ခြင်ပြီးသွားတဲ့ ဓမ္မခရီးဖော်လို့ ခေါ်ရတယ်၊ ဒီသာမညဖလသုတ်ပါဠိတော်, မဟာ သတိပဋ္ဌာနသုတ်,အဋ္ဌကထာတို့နှင့်အညီ ဆင်ခြင် နှလုံး သွင်းပုံတို့ကို ရေးသားထားတဲ့ မဟာစည်ဆရာတော်, မဟာဂန္ဓာရုံဆရာတော်နဲ့ မြန်မာပညာရှိ အမတ်ကြီး ဖိုးရာဇာတို့ရဲ့ လင်္ကာတွေကိုမှတ်သားထားကြရမည်။

## သတိသမ္ပဇညအပိုင်းထာ ဆင်ခြင်ဖွယ် ထက်ာများ

၁။ သွားတာ၊ ရပ်တာ၊ ထိုင်လျောင်းတာ၊
မှန်စွာသိရမည်။
၂။ ရှေ့သွားနောက်ပြန်၊ ရှုကြည့်ဟန်၊ အမှန်သိရမည်။
၃။ ကွေးတာ ဆန့်တာ၊ ကိုင်ယူတာ၊ မှန်စွာသိရမည်။
၄။ စားတာ သောက်တာ၊ ခဲ-လျက်တာ၊
မှန်စွာသိရမည်။
၅။ ကျင်ကြီးတစ်ဖြာ၊ ကျင်ငယ်ပါ၊ စွန့်တာသိရမည်။
၆။ ကိုယ်အမူအရာ၊ ပြုတိုင်းမှာ၊ မှန်စွာသိရမည်။

*(မဟာစည်ဆရာတော်)*

## ဣရိယာပုတ်(၄)ပါးနှင့် ရုပ်နာမ် ဝိပဿနာဘာဝနာ

အို-အို-လူများ၊ သတိထားလော့၊ သွားဆဲကာလ၊ ခါသမယဝယ်၊ ပထမခြေလှမ်း၊ ရုပ်နာမ်တန်းတို့။ လှမ်းဒုတိယ၊ မရောက်ကြဘူး၊ ဒုတိယလှမ်း၊ ရုပ်နာမ်တန်းလည်း၊ လှမ်းတတိယ၊ မရောက်ကြပင်၊ တလှမ်းတွင်လည်း၊ မြောက်စဉ်တမျိုး၊ ရှေ့တိုးတဖုံ၊ လွန်တုံဘဝ၊ အောက်ချတခင်း၊ ထိခြင်းတလွှဲ့၊ ဖိနင်း

စေ့အောင်၊ တရွေ့ရွေ့မြန်း၊ ခြေလှမ်းပိုင်းခြား၊ အစိတ်ခြောက်ပါး၀ယ်၊သွယ်သွယ်နာမ်တန်း၊ ရုပ်အတန်းတို့ နှစ်အိုးကင်းထက် နှမ်းတွေကျက်သို့၊ ဖြစ်ပျက်နေကြ, အနိစ္စသည်၊ ဒုက္ခ, အနတ္တချည်း သာတည်း။

(၁) သွားဆဲခဏ၌ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ရပ်ဆဲခဏသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ ဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ ပျက်၍၊ ပျက်တိုင်း ပျက်တိုင်း ထပ်၍ ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသောအနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တတို့ပါတကား။

(၂) ရပ်ဆဲခဏ၌ ဖြစ်သော ရုပ် နာမ် တရားတို့သည် ထိုင်ဆဲခဏသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်း ပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ် ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော

ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တ မဟုတ်သော၊ အနတ္တ တို့ပါတကား။

(၃) ထိုင်ဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် လျောင်းဆဲခဏသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍ ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသောအနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တတို့ပါတကား။

(၄) သွားဆဲခဏ၌လည်း ပထမခြေလှမ်းဝယ် ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ဒုတိယခြေလှမ်းသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တတို့ပါတကား။

(၅) ဒုတိယခြေလှမ်း၌လည်း ခြေကိုမြှောက်ဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ရှေ့တိုးဆဲခဏသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်း ပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တ တို့ပါတကား။

(၆) ရှေ့တိုးဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ရှေ့ခြေကိုရှောင်ဆဲခဏသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တတို့ပါတကား။

(၇) ရှေ့ခြေကိုရှောင်ဆဲခဏာ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် အောက်ချဆဲခဏာသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်းပျက်တိုင်း ထပ်၍ ထပ်၍ ဖြစ်ပျက်နေ သောကြောင့် မမြဲသောအနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသောဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တတို့ပါတကား။

(၈) အောက်ချဆဲခဏာ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် တည်ရာအပြင်ဝယ် ထိဆဲခဏာသို့ မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်းပျက်တိုင်း ထပ်၍ ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တ တို့ပါ တကား။

(၉) တည်ရာအပြင်ဝယ် ထိဆဲခဏာ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ဖိ၍နင်းဆဲခဏာသို့

မရောက်ကြပဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား၊ မမြဲသည့်အတွက် ပျက်နေသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ဖြစ်၍ အနှစ်သာရ အတ္တမရှိသော၊ အတ္တမဟုတ်သော၊ အနတ္တ တို့ပါတကား။

*(မဟာဂန္ဓာရုံဆရာတော်)*

**သတိ သမ္ပဇဉ ဏာန္တိယဘာဝနာ ထက်ာ**

**၁။ ဏာန္တိယဘာဝနာ မည်သည်ာဖြင့် မဟာခေါင်ထိ တုမရှိသာ သတိသမ္ပဇဉ် နစ်ပါးယှဉ်သည့် ဂုဏ်အင်ကြီးစွာ ကျင့်စဉ်မှာကား -**

**၂။ ခြောက်ဖြာခွါရ ခြောက်ဝအာရုံ ထင်လာကုန်သော် မတုန်လှုပ်ရှား သတိထားကာ မှတ်သားကြည့်ရှု ဉာဏ်ယှဉ်ပြု၍ အကုသိုလ်ပ ကုသိုလ်ရအောင်၊**

**၃။ မနာပအာရုံ ထင်လာကုန်သော် မျိုးစုံနိမိတ်သဏ္ဍာန်ရိပ်ကို တဆိတ်တာမျှ မယူကြနှင့် ထိုမှတပြာ အဘိဇ္ဈာရာဂ မဖြစ်ကြနှင့် အမနာပ ထင်လာကလည်း ဒေါသအမျက် မထွက်ကြနှင့် ဖြစ်ကြ**

**ပျက်ပြာကျ ပတ်နံ့ တန်ကို ဖယ်ဖယ်ကြိုးကုတ် ပွားအား ထုတ်လျက်၊**

**၄။ တိုးဆုတ်ရှေ့ဘေး ကြည့်ရေးထို ပြင်ဆန့်လျှင် ကွေးရ ဝတ်ကျ ကိုင်တွယ် စားဖွယ် သောက်မျိုး သုံးရိုး မြော်မြင် ကျင်ငယ်ကျင်ကြီး စွန့်နည်း မကျန် သွားပြန် ရပ်ထိုင် ပိုင်ပိုင်အိပ်နိုး ပြောမျိုးစိတ်မှု အစုစုကို**

**၅။ ပြုကာဆင်ခြင် သမ္ပဇဉ်ဖြင့် ဉာဏ်မြင်တွေ့သ သင့်ကြောင်းကြစေ သင့်ကထပ်မြော် တော်မတော် တည့် တော်သော်မှုချ ကျိုးမရနင့် အရကိုချိန် ကြံမတိန်နင့် မမိန်ဉာဏ်သွား စီစဉ်ထားသော၊**

**၆။ စီးပွားသောကီ ကြီးကြောင်းမှိ၏ မဂ်ဆီ အရပ်ာတ္တ နိဗ္ဗာန်ကျအောင် ရ၏အကျိုး မောက်ကာ ဖြိုး၍ စဉ်တိုးသတိ သမာဓိဖြင့် မိမိစိတ်တွင် သမ္ပဇဉ်ကို ဆင်ခြင်၍မြော် ကြံတိုင်းပေါ်လိမ့် အပေါ် ဝတ ကျိုးကြီး လုသည့် ဗုဒ္ဓမြတ်စွာ ဟောရင်းတည်း။**

*(မြန်မာပညာရှိအမတ်ကြီး ဖိုးရာဇာ)*

ဒါ-ကိုလဲပဲ ဘုန်းဘုန်းတို့ ဘုရားရှင်လက်ထက်က ဘုရားရှင်ရဲ့ညီတော်ဖြစ်တဲ့ နန္ဒမင်းသားက ရဟန်းပြုလာတဲ့ နန္ဒရဟန်းတော်ဆိုတာရှိတယ်၊

"**နန္ဒရဟာန်း**"ဟာ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာကို ကြည့်မယ်ဆိုရင် အဘိဇ္ဈာ,ဒေါမနဿစတဲ့-အကုသိုလ်မဖြစ်အောင် ဆင်ခြင်သတိသမ္ပဇဉ်နဲ့ ကြည့်ပြီးမှ ခရီးကိုသွားတယ် လောဘ,ဒေါသ,မောဟ အကုသိုလ်ဖြစ်မဲ့ အရပ်ဆိုရင် မကြည့်ဘူး၊ လောဘ, ဒေါသ, မောဟ-အကုသိုလ် ကိလေသာတွေ မဖြစ်အောင် သတိသမ္ပဇဉ် နဲ့ဆင်ခြင်ပြီးမှ ကြည့်ရှုပြီးတော့ သွားတယ်။

နောက်ဘုန်းဘုန်းတို့ သီဟိုဠ်ခေတ်မှာဆိုရင်တော့ အာလိန္ဒက အရပ်မှာ နေထိုင်သီတင်းသုံးတဲ့ "**မဟာဖုဿဒေဝမထေရ်**"တို့ နောက်တပါး ကာဠဝလ္လိမဏ္ဍပအရပ်မှာ နေထိုင်သီတင်းသုံးတဲ့ "**မဟာနာဂ မထေရ်**"တို့ ဆိုတာရှိကြတယ်၊ ဒီမထေရ်တွေဟာ ခြေထောက်လှမ်းတဲ့အခါ ခုနက ပြောတဲ့အတိုင်း သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အမှတ်နဲ့သွားတယ် သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အမှတ်လွတ်ပြီးတော့ လောဘ, ဒေါသ, မောဟ အစရှိတဲ့ အကုသိုလ်စိတ်နဲ့ ခြေလှမ်းကို မလှမ်းဘူး၊ အကယ်၍ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း စိတ်လွတ်ပြီးတော့ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ အကုသိုလ်နဲ့ လောဘ, ဒေါသ,အကုသိုလ်ဝင်ပြီးတော့ ခြေလှမ်း လှမ်းနေမယ်

ဆိုရင် နောက်ပြန် ဆုတ်လိုက်တယ်၊ နောက်ပြန် ဆုတ်ပြီးမှ မြှောက်ချီတယ် လှမ်းတယ်၊ ချတယ်၊ ထိတယ် ဆိုတဲ့ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအမှတ်နဲ့ လှမ်းတယ် အဲဒီနည်းနဲ့ပဲ ဒီမထေရ်ကြီးတွေဟာ ကျင့်သုံးသွားကြတယ် အဲဒီလို ကျင့်သုံး သွားတော့ နှစ်(၂၀) အတွင်းမှာပဲ ရဟန္တာဖြစ်သွားကြတယ်။

**"မဟာထေရ"** လို့ အမည်ရတဲ့ မထေရ်ကြီးတပါးကတော့ လက်ကွေးတဲ့အခါ ဆန့်တဲ့အခါ အမှတ်လွတ်ပြီးတော့ မဆန့်ဘူး, မကွေးဘူး၊ အမှတ်နဲ့ပဲကွေးတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဆန့်တယ် ဒီလိုသတိသမ္ပဇဉ် ဉာဏ်နဲ့ မှတ်ပြီးမှ လက်ကိုကွေးတယ်၊ လက်ကိုဆန့်တယ်၊ တရက်မှာတော့ ဆရာတော်ကြီးကတပည့်တွေနဲ့ တရားဆွေးနွေးတယ် တရားဆွေးနွေးရင်းနဲ့ ဆွေးနွေးတဲ့တရားဘက်ကို စိတ်ရောက်ပြီးတော့ ကွေးထားတဲ့ လက်ကိုဆန့်လိုက်တယ်၊ ဆန့်တဲ့လက်ကို ကွေးတဲ့အခါ ကမ္မဋ္ဌာန်းအမှတ် သတိပဋ္ဌာန်လွတ်သွားတယ် လွတ်တော့ မဟာထေရအမည်ရတဲ့ မထေရ်ကြီးက မူလနေရာပြန်ပြီးတော့ ကွေးလိုက်တယ် ကွေးပြီးမှ ဖြေးဖြေးခြင်း ဖြေးဖြေးခြင်း အမှတ်နဲ့ ကွေးတာကနေဆန့်တယ် ဆန့်တယ် ဆန့်တယ် ဆိုတဲ့

အမှတ်နဲ့ ပြန်ဆန့်တယ် ဒါကိုတပည့်တွေက သတိထားမိတယ် သတိထားမိတော့ မေးကြတယ်၊ အရှင်ဘုရား လက်ကို အဆောတလျှင် ရှောင်တခင်ချက်ခြင်း ဆန့်တာကနေ ပြန်ကွေးပြီးတော့ ဆန့်တဲ့အခါ ဖြေးဖြေးချင်း ပြန်ဆန့်သွားတယ် ဒါဘယ်လိုဖြစ်လို့ပါလဲဘုရား၊ အဲဒီလိုမေးတော့ မထေရ်ကြီးက ငါ့ရှင်တို့ ငါဟာ ကမ္မဋ္ဌာန် အားထုတ်တဲ့ အချိန်ကစပြီးတော့ ခန္ဓာကိုယ်အမူအရာတွေ လှုပ်ရှားတဲ့အခါ သတိပဋ္ဌာန် အမှတ် လွတ်ပြီးတော့ တစ်ခါမှ မလှုပ်ရှားခဲ့ဘူး သတိပဋ္ဌာန် အမှတ်နဲ့ပဲ လှုပ်ရှားတယ် ခုသင်တို့နှင့် တရားဆွေးနွေးရင်း ဆွေးနွေးတဲ့ တရားဘက်စူးစိုက်မှု များသွားတဲ့အတွက် ကွေးတဲ့လက် ဆန့်တဲ့လက် ကွေးတဲ့ဆန့်တဲ့အခါ အမှတ်လွတ် သွားလို့ ပုံမှန်အတိုင်း သတိပဋ္ဌာန်အမှတ်နဲ့ ပြန်ပြီးတော့ ကွေးတာဆန့်တာ ပါပဲလို့ ဆရာတော်ကြီးက ဖြေကြားတယ်။ မဟာဖုဿဒေဝမထေရ် မဟာနာဂမထေရ်တို့ မဟာထေရမထေရ်ကြီးတို့လို သွားလာနေထိုင် လှုပ်ရှားတဲ့အခါ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအမှတ်နဲ့ သွားတာကိုတော့ ဓမ္မခရီးအဖော်လို့ ခေါ်ရတယ်၊ စုစုပေါင်း ဓမ္မခရီးအဖော် ဘယ်နှစ်မျိုးပြီးသွားပြီလဲ၊ ဒီလေးမျိုးကို မှတ်မိအောင်

ဖြန့်ဝေပေးလိုက်တဲ့ စာအုပ်ထဲမှာလဲ ပါတဲ့အတိုင်း အားလုံးပဲ လိုက်ဆိုလိုက်ကြ ရအောင်-

-လင်္ကာ-

**၁။ ရတနာသုံးပါး ဂုဏ်တော်ပွား၍၊**

**၂။ လှူကြားဒါန၊ စောင့်သီလနှင့်၊**

**၃။ ပို့သမေတ္တာ၊ ဖြန့်ဝေကာလျက်၊ ဤသုံးချက်ပြင်၊**

**၄။ မှတ်လျှင် သတိပဋ္ဌာန်၊ ပွားများပြန်က၊ သွားရန့်ခမ္မ လေးမျိုးပြမည်။**

## ကုသိုလ်ခမ္မ ခရီးဖေါ်ဆိုင်ရာ ကျေးဇူးပြုပုံများ

ခမ္မခရီးဖော် လေးမျိုးသိပြီးသွားပြီ၊ ဒီခမ္မ ခရီးဖေါ်ကတော့ ပုဂ္ဂိုလ်အဖေါ်တွေလို ပစ်မသွားဘူး၊ ကိုယ်သွားလေရာ နောက်သို့အရိပ်သဖွယ် တကောက်ကောက်လိုက်ပြီးတော့ ရတနာသုံးပါး ဂုဏ်တော်တွေကို ပွားထားတဲ့ ကုသိုလ်တွေ လှူဒါန်းထားတဲ့ဒါန ကုသိုလ်တွေ၊ စောင့်ထိန်းထားတဲ့၊ သီလကုသိုလ်တွေ၊ ပွားများထားတဲ့ မေတ္တာကုသိုလ်တွေ၊ ရှုမှတ်ဆင်ခြင်ထားတဲ့ သတိပဋ္ဌာန် ဘာဝနာကုသိုလ်တွေက ကိုယ်သွားလေရာ နောက်ကနေ အရိပ်သဖွယ်

တကောက်ကောက်လိုက်ပြီးတော့ စောင့်ရှောက်ပေးတယ်၊ ဘေးရန်အန္တရာယ်ကင်းအောင် ကာကွယ်ပေးတယ် ကောင်းကျိုးချမ်းသာတွေရအောင် စောင့်ရှောက်တယ်၊ အဲတော့ ပုဂ္ဂိုလ်အဖော်ထက် ဓမ္မအဖော် (၄)မျိုးက ပိုပြီးတော့ အားကိုးရတယ်။ အားကိုးရတဲ့အတွက် ပုဂ္ဂိုလ်အဖော်လဲပဲ မကင်းရာမကင်းကြောင်း အနေနဲ့ကတော့ ပေါင်းသင်းဆက်ဆံ နေရမှာပဲ၊ သို့ပေမယ့် အဲဒီ ပုဂ္ဂိုလ်အဖော်တွေက အကြောင်း အမျိုးမျိုးကြောင့် သဘောထားခြင်း မတိုက်ဆိုင်တဲ့ အခါ ပစ်ထားခဲ့ကြတယ် ခွဲခွာသွားကြတယ်။ ခုပြောလိုက်တဲ့ ဓမ္မအဖော် (၄) မျိုးကတော့ ဒီဘဝမှာ ဘယ်ကိုသွားသွား ကိုယ့်နောက်က အရိပ်သဖွယ်လိုက်ပြီးတော့ အန္တရာယ်ကင်းအောင်လဲ ကာကွယ်ပေးတယ်။ ကိုယ်ဖြစ်ချင်တဲ့ ကောင်းကျိုးတွေလဲရအောင် စောင့်ရှောက်ပေးတယ် ဒီဘဝ ဒီခန္ဓာကွယ်လွန်လို့ ပျံလွန်တော်မူတဲ့ နောက်ဘဝ နောက်ဘဝတွေကို ရောက်ရင်လဲပဲ ဒီဓမ္မအဖော်(၄)မျိုး ကတော့ လိုက်ပြီးတော့ စောင့်ရှောက်လိမ့်မယ်။ နိဗ္ဗာန်ထိအောင် လိုက်ပြီးတော့ စောင့်ရှောက်မှာပဲ၊ ဓမ္မအဖော်ဟာ ပုဂ္ဂိုလ်အဖော်ထက်ပိုပြီးတော့ အားကိုးရတယ် စိတ်ချရတယ်

လက်တွဲထိုက်တယ်လို့ သိလိုက်ရတယ်၊ ဒါကိုလဲ ရှေး ဆရာတွေက လင်္ကာ လေးနဲ့ ရေးပြတယ်။ ဖြန့်ဝေ လိုက်တဲ့ စာအုပ်မှာလဲ ဖော်ပြထား တယ် အားလုံးပဲ လိုက်ဆိုလိုက်ကြရအောင်-

-လင်္ကာ-

**ဒါန,သီလ,မြတ်ပုညကို၊ လူကသာမေ့၊ ကံမမေ့ဘူး။ ဘယ်နေ့ဘယ်ည၊ ဘယ်ခဏတွင်၊ ကောင်းမှုရှင်၏၊ လိုအင်ဆန္ဒ ကျိုးဖလကို၊ ပေးရမည်နည်း။ သိမ်းဆည်း အခွင့်၊ စောင့်မျှော်လင့်၏** *သာခု (၃) ကြိမ်။*

ဓမ္မခရီးဖော်ဆိုတဲ့ အမည်နဲ့ နေထိုင်နည်း။ ကျင့်သုံးနည်း၊ (၄)မျိုး ပြောပြီးသွားပါပြီ၊ အဲဒီ (၄)မျိုး ထဲမှာ အဆင့်အမြင့်ဆုံးကတော့ နောက်ဆုံး သတိ ပဋ္ဌာန် သမထဝိပဿနာ ရှုမှတ်ဆင်ခြင်နည်းနဲ့ သွားလာ နေထိုင်တဲ့ ဓမ္မခရီးဖော်ဟာ အဆင့်အမြင့်ဆုံးပါပဲ။ သို့ပေမယ့်လည်း အဲဒီအဆင့် မရောက်သေးခင် မကျင့်နိုင်သေးခင် ရှေ့သုံးမျိုးနဲ့ လေ့ကျင့်ပေးရမယ်။ မေတ္တာပွားများပို့သခြင်း လှူဒါန်းမှုဒါန စောင့် ထိန်းမှု သီလ ရတနာသုံးပါး ဂုဏ်တော်ပွားခြင်းဖြင့် လေ့ကျင့် ပေးရတယ်၊ အဲဒီ (၃) မျိုး ထဲမှာမှ အလွယ်ဆုံး ဖြစ်တဲ့ ရတနာ သုံးပါး ဂုဏ်တော်ပွားတဲ့ နည်းဖြင့် ဓမ္မခရီးဖော် ဆိုတဲ့တရားကို ဆက်လက်ပြီးတော့ ဟောပြ ပေး ပါ့မယ်။

## ဗုဒ္ဓရတနာမှ ဗုဒ္ဓခြေတော်ရာ ဂုဏ်တော်

ရတနာသုံးပါးထဲက ဘုရားရတနာ၊ ထိုဘုရားရတနာမှာ ဂုဏ်တော်တွေဟာ အရယံအစရှိသည်ဖြင့် မရေမတွက်နိုင်အောင် ဂုဏ်တော်အနန္တ မြောက်များစွာရှိတယ်၊ အဲဒီမြောက်များစွာသော ဂုဏ်တော်တွေကို အကျဉ်းချုပ်တဲ့အခါ ရူပကာယဂုဏ်တော်နဲ့ ဓမ္မကာယဂုဏ်တော်ဟူ၍(၂)မျိုးပဲရှိပါတယ်၊ ရူပကာယဂုဏ်တော်ထဲမှာလည်း မြင်သာထင်သာရှိတဲ့ ဂုဏ်တော်တွေ လက္ခဏာတော်ကြီး (၃၂)ပါး လက္ခဏာတော်ငယ် (၈၀) ရောင်ခြည်တော်ခြောက်သွယ် ဒီဂုဏ်တော်တွေက သိရိဘုန်းတော်အနေနဲ့ ဂုဏ်တော်ပွားဖို့ မြင်သာထင်သာရှိတဲ့အတွက် ပိုပြီးတော့လွယ်ကူပါတယ် လက္ခဏာတော်ကြီး(၃၂)ပါး ဂုဏ်တော်ထဲမှာလည်း ဒုတိယမြောက်ဂုဏ်တော်က "**စက္ကေနကိံတပါဒလက္ခဏာ**"လို့ခေါ်တယ်၊ မြန်မာလိုဆိုရင်တော့ မြတ်စွာဘုရားရှင်ရဲ့ ခြေဖဝါးဟာ ဖန်သားပြင် မှန်သားပြင်လို ညီညာနေတယ်၊ ညီညာနေတဲ့ခြေဖဝါးမှာ ခြေဖျားကနေ ခြေဖနောင့်အထိ လေးပုံပုံလိုက်လို့ရှိရင် ခြေဖျားက စတိုင်းရင် တတိယမြောက်နေရာမှာ စက်ဝန်းပါတယ်၊ အဲဒီစက်ဝန်းဟာ အကန့်ပေါင်း တစ်ထောင်

ရှိတယ်၊ အဲဒီအကန့်တစ်ထောင်မှာ အကွပ်တကူလဲ ပါတယ် ပုံတောင်းချက်မလည်းပါတယ်၊ အဲဒီစက်ဝန်း ကိုမှ လက်ယာရစ်ပြီးတော့ (၁၀၈)ကွက် လက္ခဏာ မင်္ဂလာ အမှတ်အသား တွေပါတယ်၊ ဒါကို မြန်မာလို ပြောရင်တော့ တရာ့ရှစ်ကွက် စက်လက္ခဏာ ဗုဒ္ဓ ခြေရာတော်လို့ခေါ်ရတယ်၊ ပါဠိလိုဆိုရင်တော့ စက္ကေ နင်္ကိတပါဒ-လက္ခဏာတော်လို့ ခေါ်ရတယ်။

## ဗုဒ္ဓခြေတော်ရာမှ စက်ဝန်းတော်၏တန်ခိုး

မြတ်စွာဘုရားရဲ့ ခြေဖဝါးမှာ စက်ဝန်းပါတဲ့ အတွက် ဘုရားရှင်အနေနဲ့ ကုန်းလမ်းခရီးပဲသွားသွား ဘယ်ခရီးပဲသွားသွား လမ်းခရီးတွေဆိုတာ အမျိုးမျိုး ရှိတယ် ကျင်းတွေချိုင့်တွေလည်းရှိတယ် ကုန်းတွေ ကမူတွေလဲရှိတယ် ဆူးငြောင့် ခလုပ်သင်းတွေလဲ ရှိတယ် အညစ်အကြေးအမှိုက်တွေလဲရှိတယ်၊ ဘုရားရှင် သွားတော့မယ်ဆိုရင် အဲဒီကုန်တွေ ကမူတွေက ကျန်တဲ့လမ်းနဲ့တပြေးညီပေးရတယ် ကျင်းတွေချိုင့်တွေကလဲ တစ်ပြေးညီပေးရတယ် ဆူးငြောင့် ခလုပ်သင်းတွေကလဲပဲ လမ်းအတွင်းပိုင်း ထဲကို ဝင်ပေးရတယ် အညစ်အကြေးတွေ အမှိုက်တွေ ကလဲဘေးမှာ လွှင့်ဖယ်ပေးရတယ်၊ ဒါဟာ ဘုရားရှင်ရဲ့

ခြေဖဝါးမှာပါတဲ့ စက်ဝန်းတော်ရဲ့ ထူးခြားတဲ့ စက္ကေ နကီတပါဒ လက္ခဏာတော်ကြောင့် မြတ်စွာဘုရားရှင် ဒေသစာရီ ခရီးကြွတဲ့အခါ မဟာမဏ္ဍလအတွင်းပဲ ဖြစ်ဖြစ်၊ မဇ္ဈိမ,မဏ္ဍလအတွင်းပဲဖြစ်ဖြစ် အန္တောမဏ္ဍလ အတွင်းပဲဖြစ်ဖြစ် အဝန်း(၃)မျိုးအတွင်း ကြွတဲ့အခါ ဘေးရန်အန္တရာယ် ကင်းရတယ်၊ စက္ကေနကီတပါဒ လက္ခဏာတော်ရဲ့ တန်ခိုးကြောင့်ပါပဲ။

**ပါသာဏာ သက္ခရာစေဝ၊**

**ကဋ္ဌလာ ခါဏု ကဏ္ဍ ကာ။**

**သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊**

**ဂစ္ဆန္တေ လောကနာယကေ။**

**ဒေသေန သဗ္ဗဝဋ္ဋေနေ၊ ဂမနံ မေ သမိဇ္ဈတု။**

လောကနာယကေ၊ လူသုံးပါးတို့၏၊ ရှေ့သွား ခေါင်းဆောင်တစ်ဆူ၊ လောကသရဘူဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်။ ဂစ္ဆန္တေ၊ ဒေသစာရီ၊ ကြွချီကွန်မြန်းတော်မူသည် ရှိသော်။ ပါသာဏာစေဝ၊ ကျောက်တုံး ကျောက်ခဲတို့သည်လည်းကောင်း၊ သက္ခရာစ၊ ကျောက်စလစ်တို့သည် လည်းကောင်း၊ ကဋ္ဌလာစ၊ အိုးခြမ်းကွဲတို့ သည်လည်းကောင်း၊ ခါဏု ကဏ္ဍကာစ၊ သစ်ငုတ်ခလုတ်၊ တုတ်ချွန်ဆူးပြောင့်

တို့သည်လည်းကောင်း။ သဗ္ဗေ၊ လမ်း၏ အန္တရာယ် အသွယ်သွယ်တို့သည်။ မဂ္ဂါ၊ ရှင်တော်ဘုရား၊ ကြွတော်မူရာ လမ်းခရီးမှ။ ဝိဝဇ္ဇန္တိ၊ ဝေးစွာရှောင်ဖဲ၊ ရှဲခွာကြလေကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်အန်၊ ဟုတ်အမှန်ကို၊ ထုတ်ပြန်လှစ်ကြား၊ သစ္စာစကားကြောင့်။ မေ၊ ဘုရားတပည့်တော် တပည့်တော်မ၏ ဂမနံ၊ သိဒ္ဓိမှန်းပြီး၊ လမ်းခရီးသွားမှုသည်၊ သမိဇ္ဈတု၊ အောင်မြင်ပြီးမြောက်၊ ခရီးရောက်ပါစေသတည်း။

အဲဒီလို ခြေဖဝါးဖြင့် ခရီးသွားတဲ့အခါ မြေပြင်မှာ ခြေရာတော် ထင်ကျန်ရစ်သလားဆိုတော့ မထင်ကျန်ရစ်ပါဘူး မြတ်စွာဘုရား ရှေ့ကသွားပြီး နောက်ကပျောက်သွားတယ်၊ ဘာမှ မကျန်ရစ်ပါဘူး၊ ဒါဖြင့်ရင် ဘုရားရှင်လက်ထက်မှာရော ခုခေတ်မှာပါ ခြေတော်ရာ ခြေတော်ရာ ခေါ်နေတာက ဘယ်လိုကြောင့် ခေါ်နေတာလဲဆိုတော့ တရံတခါရောက်တော့ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေအတွက် မင်္ဂဖိုလ်နိဗ္ဗာန် ရဖို့ကိစ္စပဲ ဖြစ်ဖြစ် သတိသံဝေဂရဖို့အတွက်ပဲ ဖြစ်ဖြစ် သို့မဟုတ် သီးခြားတကူးတက နောင်လာနောင်သားတွေ ထာဝရ ဖူးမြော်ဖို့အတွက် တောင်းပန်လို့ပဲဖြစ်ဖြစ် ဒီလိုတောင်း ပန်ခြင်းစတဲ့ ရည်ရွယ်ချက်(၃)ချက်ကြောင့် ဘုရားရှင်က

တကူးတက မြေပြင်မှာ သို့မဟုတ် ကျောက်သား ပြင်ပေါ်မှာ ခြေရာထင်ကျန်ရစ်ပါစေလို့ အဓိဋ္ဌာန် ပြီး ခြေတော်ချ လိုက်ရင်တော့ သဲသောင်ပြင်ပေါ်မှာပဲ ဖြစ်ဖြစ်၊ ကျောက်ပြားပေါ်မှာပဲဖြစ်ဖြစ် ခြေရာဟာ ထင်ကျန်ရစ်ခဲ့တယ်၊ ထင်ကျန်ရစ်တဲ့အခါ တထောင် သော အကန့်အကွက် အကွပ်တကူ ပုံတောင်း ချက်မ အပြင် (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ် အသားတွေ အပြည့်အစုံ ကျန်ရစ်တယ်၊ ဒါကိုတော့ ခြေတော်ရာလို့ ခေါ်ရတယ်။

## ဗုဒ္ဓခြေတော်ရာ ပါဒစေတီ(၃)မျိုး

မြတ်စွာဘုရားရှင်ရဲ့ ခြေဖဝါးကဟာကတော့ သက်ရှိထင်ရှားရှိတဲ့အတွက် သဇီဝပါဒစေတီလို့ ခေါ်ရတယ်။ တကူးတက အဓိဋ္ဌာန်ပြီးမှ ထင်ပါစေ မြင်ပါစေ အဲဒီလို အဓိဋ္ဌာန်ပြုပြီး ချတဲ့ခြေတော်ရာ ရောက်တော့ အဓိဋ္ဌာန်ပြီးမှချတဲ့အတွက် ပရိဘောဂ ပါဒစေတီလို့ခေါ်ရတယ်၊ ခြေတော်ရာပါဒစေတီ ဘယ် နှစ်မျိုးပြီးသွားပြီလဲ။ (၂)မျိုး ပြီးသွားပြီ။ ၁-နံပါတ် သက်ရှိ ထင်ရှား ခြေဖဝါးက ခြေတော်ကိုတော့ သဇီဝပါဒ စေတီလို့ခေါ်ရတယ်။ တကူးတက ထင်ကျန်ရစ်ပါစေ မြင်ပါစေလို့ အဓိဋ္ဌာန်ပြီး ချတဲ့ခြေတော်ရာကိုတော့

ပရိဘောဂပါဒစေတီလို့ ခေါ်ရတယ်၊ အဲဒီ ပရိဘောဂ ပါဒစေတီက သက်တော်ထင်ရှား ဘုရားရှင်ရှိစဉ်က ချခဲ့တာဟာ ၈-ဆူရှိတယ်။

## ပရိဘောဂ ပါဒစေတီ(၈)ဆူ

အိန္ဒိယမှာ ၅-ဆူ မြန်မာနိုင်ငံမှာ ၂-ဆူ၊ သီရိလင်္ကာနိုင်ငံမှာ ၁-ဆူ စုစုပေါင်း (၈)ဆူရှိတယ်။ အိန္ဒိယနိုင်ငံမှာချတဲ့ ငါးဆူကတော့ မြင်စေချင်တဲ့ ပုဂ္ဂိုလ်တွေ မြင်ပြီးပြီ သတိသံဝေဂရစေချင်တဲ့ ပုဂ္ဂိုလ်တွေလည်း ရပြီးပြီ မဂ်ဖိုလ်နိဗ္ဗာန်ရစေချင်တဲ့ ပုဂ္ဂိုလ်တွေလည်း ရပြီးပြီဆိုတော့ အလိုလိုကွယ်ပျောက်သွားတယ်၊ (၁)ဒေါဏ ပုဏ္ဏားတို့၊ (၂) မာဂဏ္ဍီ ပုဏ္ဏားတို့၊ (၃) ကုက္ကုဋမိတ္တမုဆိုးသားအဖတို့၊ (၄) အဇိတရသေ့တို့၊ (၅)အရှင်သာရိပုတ္တရာ မထေရ်တို့ဟု ဆိုအပ်သော ဆိုင်ရာ ပုဂ္ဂိုလ်တွေ ငဲ့ပြီးတော့ ချလိုက်တဲ့ ခြေတော်ရာ ငါးဆူဟာ ကွယ်ပျောက်သွားပါပြီ မြန်မာ နိုင်ငံမှာတော့၊ (၁)သစ္စဗန္ဓရဟန္တာမထေရ်နဲ့၊ (၂)နမ္မဒါ နဂါးမင်းတို့ တောင်းပန်လို့ချတဲ့ ခြေတော်ရာကတော့ ခု မင်းဘူး-စကုဘက်မှာ ရွှေစက်တော်ဆိုပြီးတော့ ခြေတော်ရာ ဘုရားပွဲကြီး အကြီးအကျယ် ကျင်းပနေ ပါတယ်၊ အဲဒါဟာလည်းပဲ နောင်လာနောက်သားတွေ

ဖူးမြင်ဖို့ ထာဝရ တည်တံ့ဖို့ချတာဆိုတော့ ခုချိန်ထိ ထင်ကျန်ရစ်ခဲ့တာပါပဲ။

သီရိလင်္ကာနိုင်ငံမှာလည်းပဲ သုမနနတ်မင်းရဲ့ တောင်းပန်မှုကြောင့် သမန္တကူဋသုမနတောင် (စေတိယ ပါဒ)တောင်မှာ ချထားတဲ့ ခြေတော်ရာလည်းပဲ ခုချိန်ထိ ထင်ကျန်ရစ်တုန်းပါပဲ။ အဲဒီတော့ ပရိဘောဂပါဒ စေတီဟာ ၈-ဆူ ရှိတယ်၊ ၈-ဆူ ထဲက အိန္ဒိယငါးဆူ ကွယ်ပျောက်ပြီးတော့ မြန်မာပြည်က ၂-ဆူနဲ့ သီရိလင်္ကာက ၁-ဆူအားဖြင့် ၃-ဆူတော့ ကျန်ရစ် သေးတယ်လို့ ကြည်ညိုလိုက်ရင် လုံလောက် ပါတယ်။ အဲဒီတော့ ၁-နံပါတ် ခြေဖဝါးပြင်က သဇီဝပါဒစေတီ၊ ၂-နံပါတ် တကူးတကချထားလိုက်တဲ့ ပရိဘောဂ ပါဒစေတီကို ရည်မှန်းပြီးတော့ သစ်သားမှာပဲ ထွင်း ထွင်း၊ အင်္ဂတေမှာပဲထုထု သို့မဟုတ် ကြေးပြားမှာပဲ ခတ်ခတ် ရွှေနဲ့ငွေနဲ့ပဲပြုလုပ် ပြုလုပ် အဲဒီလို လုပ်ထားတဲ့ ခြေတော်ရာပွားတွေကတော့ ရည်မှန်းပြီးထုလုပ်တဲ့ ခြေတော်ရာဖြစ်တဲ့အတွက် ဥဒ္ဒိဿကပါဒစေတီလို့ ခေါ်ရတယ်။ အဲတော့ တတိယမြောက်ပါဒစေတီက ဥဒ္ဒိဿကပါဒစေတီပါပဲ၊ ခြေတော်ရာပါဒ စေတီ ၃-မျိုးစုံသွားပါပြီ။

## ကံထူးရှင်မှသာ မြင်ရသော ခြေတော်ရာ

၁-နံပါတ်က သဇီဝပါဒစေတီ၊ ၂-နံပါတ်က ပရိဘောဂပါဒစေတီ၊ ၃-နံပါတ်က ဥဒ္ဒိဿကပါဒစေတီ ဒီလိုခြေတော်ရာ (၃)မျိုးသိသွားပြီ အဲဒီခြေတော်ရာ ၃-မျိုးထဲက ဒုတိယမြောက်ဖြစ်တဲ့ ပရိဘောဂပါဒစေတီကိုပဲ ပြောပါမယ်။ မြတ်စွာဘုရားရှင်က မြင်စေချင်တဲ့ ပုဂ္ဂိုလ်အတွက် ခရီးလမ်းမပေါ်ပဲဖြစ်ဖြစ် ဒီလို မြေသားပေါ်ပဲဖြစ်ဖြစ် ချလိုက်တဲ့အခါ ခြေတော်ရာက မြင်စေချင်တဲ့ပုဂ္ဂိုလ်ပဲ မြင်ခွင့်ရှိတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မြင်ခွင့်မရှိဘူး ဆိုပါစို့ အိန္ဒိယမှာချတဲ့ ခြေတော်ရာတွေဆို အရှင်သာရိပုတ္တရာအတွက် ချတယ်၊ အရှင်သာရိပုတ္တရာပဲ မြင်ခွင့်ရှိတယ်။ ကျန်တဲ့ ပုဂ္ဂိုလ်တွေဟာမြင်ခွင့်မရှိဘူး။ လမ်းမှာတော့ လူတိုင်း သွားနေတာပဲ မြင်လို့မရဘူး ဒေါဏပုဏ္ဏားအမျိုးရှိတဲ့ တက္ကသိုလ်ကျောင်းသားတွေအတွက် ချတယ်။ ဒေါဏပါမောက္ခပုဂ္ဂိုလ်ပဲမြင်ရတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မမြင်ရဘူး။

နောက် မာဂဏ္ဍီပုဏ္ဏားကြီးတို့ ဇနီး မောင်နှံအတွက်ချတယ်၊ မာဂဏ္ဍီပုဏ္ဏားကြီးတို့ ဇနီးမောင်နှံပဲ မြင်ရတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မမြင်ရဘူး၊ ကုက္ကုဋမိတ္တ

မုဆိုး မိသားစုအတွက် ခြေတော်ရာချလိုက်တယ်၊ ကုက္ကုဋမိတ္တမုဆိုးမိသားစုပဲ မြင်ခွင့်ရတယ်၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေ မြင်ခွင့်မရှိဘူး အဲတော့ ခြေတော်ရာ တွေဟာ မြင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တွေပဲ မြင်ရတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မမြင်ရဘူးဆိုတော့ မြင်ခွင့်ရတဲ့ပုဂ္ဂိုလ် တွေဟာ ကံထူးရှင်ပုဂ္ဂိုလ်တွေပဲ၊ ကျန်တဲ့ပုဂ္ဂိုလ် တွေကတော့ မမြင်ရဘူး။

## ဘယ်လိုလိုဖျက်ဖျက် မပျက်တဲ့ ခြေတော်ရာ

အဲဒီလို မြင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တွေ မြင်ပါစေလို့ ချထားတဲ့ပရိဘောဂပါဒစေတီဟာ မြင်စေချင်တဲ့ပုဂ္ဂိုလ် တွေ မမြင်သေးခင် ဘယ်လိုအကြောင်းကြောင့်မှ မပျက်ဘူး၊ ကြီးမားတဲ့ မိုးကြီးရွာချဦး မပျက်ဘူး။ ကြီးမား ပြင်းထန်တဲ့ ဝေရမ္ဘလေမုန်တိုင်းကြီး တိုက်ဦး မပျက်ဘူး။ တမင်ကို ဖျက်ဆီးချင်လို့ ဒီနေရာမှာတော့ ဘုရားရှင် ခြေတော်ရာချထားတယ်ဆိုပြီးတော့ လှည်းတွေ နွားတွေနဲ့ တက်နင်းဦးတော့ လုံးဝမပျက်စီးဘူး။ မြင်စေ ချင်တဲ့ပုဂ္ဂိုလ်တွေ မြင်ပြီးရင်တော့ ဆိုင်ရာသတိပေးခြင်း မင်္ဂလာဖိုလ်ရခြင်းကိစ္စတွေ ပြီးရင်တော့ ဘယ်သူမှ မဖျက် ရဘဲနဲ့ အလိုအလျောက် ကွယ်ပျောက်သွားတယ်။

ဒါဟာ ပရိဘောဂစေတီတွေရဲ့ သဘာဝပါပဲ၊ အဲဒီ လို သဘာဝကို သိပြီဆိုရင်တော့ ခြေတော်ရာကိုကိုးကွယ်ရခြင်းရဲ့အကျိုးကို ဆက်ပြီးတော့ ပြောပြပေးပါ့မယ်။

## (၉၂)ကမ္ဘာထက်မှ ဗုဒ္ဓခြေတော်ရာ(၃)ဆူ

ကိုးဆယ့်နှစ်ကမ္ဘာထက်မှာ တိဿဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ အမျိုးကောင်း သားတစ်ဦးဟာ မိဘ ၂-ပါး ကွယ်လွန်သွားတဲ့အတွက် တောထဲတောင်ထဲမှာ မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း ပြုရတယ် သားငါးတွေ တိရစ္ဆာန်တွေ သတ်ဖြတ်ပြီးတော့ မုဆိုးအလုပ်နဲ့ ဘဝရပ်တည်ရတယ်။ သူ့မှာ လှူဒါန်းမှုဒါနလည်း မရှိဘူး ဆောက်တည်မှု ကိုယ်ကျင့်သီလလည်း မရှိဘူး၊ နေ့တိုင်း သူများအသက်ကိုသတ်ဖြတ်ခြင်း ပါဏာတိပါတ အကုသိုလ်ကံတွေပဲ လုပ်နေရတယ်၊ သို့ပေမဲ့ ရှေးအတိတ်ဘဝကပြုထားတဲ့ အပရာပရိယဝေဒနိယ ကုသိုလ်ကံတော့ ရှိတဲ့အတွက် တိဿဘုရားရှင်က သူနေတဲ့တောထဲက တဲလေးအနီးမှာ ခြေတော်ရာ (၃)ဆူကို ချပေးလိုက်တယ် ချပေးလိုက်တဲ့အခါ ခုနက ပြောလိုက်တဲ့အတိုင်း ဒီမုဆိုး အမျိုးကောင်းသား တစ်ယောက်ပဲ မြင်ခွင့်ရှိတယ်။ သူမမြင်သေးခင်

လုံးဝမပျက်စီးဘူး။ မနက်လင်းတဲ့အခါရောက်တော့ မုဆိုးသဘာဝအတိုင်း သားငါး တိရစ္ဆာန်တွေကို သတ်ဖြတ်ဖို့ မုဆိုးရဲ့အသုံးအဆောင်ပစ္စည်းတွေ ကျော့ကွင်းတွေ လေးတွေ မြှားတွေ ဓားတွေယူပြီးတော့ ထွက်လာတဲ့အခါ ခြေတော်ရာ (၃)ဆူကို တွေ့လိုက်ရတယ်။

## ဗုဒ္ဓခြေတော်ရာများနှင့် မုဆိုးတဦး

မုဆိုးဆိုတော့ တိရစ္ဆာန်တွေ သားငှက်တွေရဲ့ ခြေရာခံနည်းပညာကျွမ်းကျင်တယ်။ ခုလည်းပဲ ခြေတော်ရာ (၃)ဆူ တွေ့လိုက်တော့ သူစဉ်းစားတယ်။ ဒီခြေရာဟာ ရိုးရိုး သူလိုငါလို ပုဂ္ဂိုလ်ရဲ့ခြေရာတွေ မဟုတ်ဘူး။ တစ်လောကလုံးရဲ့ အမြတ်ဆုံးဖြစ်တဲ့ တိဿဘုရားရှင်ရဲ့ခြေတော်ရာ(၃)ဆူပဲလို့ သိလိုက်တယ်။ "**သဒေဝကေ လောကေ အဂ္ဂပုဂ္ဂလဿ ဣမာနိ ပဒါနိတိ၊ ဣမာနိ ပဒါနိ**"- ဤခြေတော်ရာ (၃)ဆူတို့သည်၊ **သဒေဝကေ လောကေ**- နတ်ပြဟ္မာနှင့်တကွသော လောကအားလုံး၌၊ **အဂ္ဂပုဂ္ဂလဿ**- အမြတ်ဆုံးဖြစ်သော တိဿဘုရားရှင်၏ **ပဒါနိ** -ခြေတော်ရာတို့ပေတည်း။ ဒီလို သူဆုံးဖြတ်လိုက်တယ်၊ ဆုံးဖြတ်ပြီးတော့ ချထားတဲ့ ခြေတော်ရာမှာ စောစောက ပြောလိုက်တဲ့အတိုင်း တထောင်သော

အကန့်အကွက် အကွပ်တကူ ပုံတောင်း ချက်မနှင့် တကွ(၁၀၈)ကွက် မင်္ဂလာအမှတ် အသားတွေပါတာကို ကြည့်ပြီးတော့ တစိမ့်စိမ့် ဖူးမြော်ပြီး ဝမ်းမြောက်ဝမ်းသာ ပီတိပါမောဇ္ဇတွေဖြစ်တယ်၊ အနီးနားမှာ ပူဇော်စရာ ကြည့်လိုက်တော့ ပန်းပင်တစ်ပင်က ပင်လုံးကျွတ်ပွင့် နေတယ်။ လိပ်ဆူးရွှေပန်းပင်ပါပဲ၊ လိပ်ဆူးရွှေပန်းပင်က သိပ်မမြင့်ပါဘူး။ အလွန်ဆုံး မြင့်ရင် (၃)ပေလောက်ပဲ ရှိပါတယ်။ အဝါရောင်အပွင့်လေးတွေ အလွန်လှတယ်။ အပင်လိုက်ကို တခါတည်း အမြစ်ပါနှုတ်ပြီးတော့ ပင်လုံးကျွတ်ပွင့်တဲ့ လိပ်ဆူးရွှေပန်းပင်နဲ့ ခြေတော်ရာ (၃)ဆူကို ကျကျနန ထိုင်ပြီး ရှိခိုးတယ် ပူဇော်တယ် လှူဒါန်းတယ်၊ ခြေတော်ရာကိုလဲပဲ တစိမ့်စိမ့်ကြည့် ရှုတယ် ပူဇော်တယ်၊ မုဆိုးဆိုတော့ သားကောင်တွေရဲ့ ခြေရာကို ကြည့်တဲ့အခါ ကျွမ်းကျင်သလို ဘုရားရှင်ရဲ့ ခြေတော်ရာကိုလည်းပဲ ကြည့်တဲ့အခါ အသေးစိတ် ကျွမ်းကျွမ်းကျင်ကျင်မျက်စိထဲမှာ စွဲနစ်နေအောင်ကိုပဲ ကြည့်လိုက်တာပါပဲ၊ အရပ်ထဲမှာပြောတဲ့ အတိုင်း တစိမ့်စိမ့်ကြည့် အမြဲတမ်းကြည့် ဆိုတဲ့အတိုင်း မုဆိုးက ဘုရားရှင်ရဲ့ခြေတော်ရာကို တစိမ့်စိမ့် ကြည့်ပြီးတော့ လိပ်ဆူးရွှေပန်းပင်တပင်လုံးနဲ့ ပူဇော်လိုက်ပါတယ်။

## ရွှေတိဂုံဘုရား ရင်ပြင်ပေါ်မှ ခြေတော်ရာ(၃)ဆူ

အဲဒီတော့ ဒီနေရာမှာ ဘုန်းဘုန်းတို့ ရပ်ပြီးတော့ တိဿဘုရားရှင်ရဲ့ခြေတော်ရာ(၃)ဆူ ပူဇော်သလို ခုဘုရားပွဲကျင်းပနေတဲ့ ရွှေတိဂုံဘုရားကြီးရင်ပြင်ပေါ်မှာလည်း ခြေတော်ရာဟာ (၃)ဆူရှိတယ်၊ အင်္ဂါဒေါင့်မှာ ဗောဓိပင်ရှိတယ် အဲဒီဗောဓိပင်နဲ့ ကပ်လျှက် ဗောဓိမဏ္ဍိုင်ဓမ္မာရုံရှိတယ်၊ အဲဒီဗောဓိမဏ္ဍိုင်ဓမ္မာရုံမှာ ခြေတော်ရာ ၂-ဆူရှိတယ်၊ မြောက်ဘက်မုခ်က တက်လာတဲ့အခါ မဟာမုနိတန်ဆောင်းလို့လဲခေါ်တယ်၊ ခြေတော်ရာ တန်ဆောင်းလို့လဲခေါ်တယ်၊ အဲဒီမှာ ခြေတော်ရာတစ်ဆူရှိတယ် အဲဒီမြောက်ဘက်မုခ်က ခြေတော်ရာ ကတော့ အလွန်ကိုပဲ သန့်သန့်ပြန့်ပြန့် ရေတွေလဲကြည်လို့ မှန်တွေနဲ့ ဖုံးထားပြီးတော့ ခြေတော်ရာကိုဖူးပြီးတော့ ရေကိုသော်မှ သောက်လို့ရတယ်၊ အဲတော့ မုဆိုးအမျိုးကောင်းသားက တိဿဘုရားရှင်ရဲ့ခြေတော်ရာ (၃)ဆူကို လိပ်ဆူးရွှေပန်းပင်ကြီးနဲ့ပူဇော်သလို တရားနာ ပရိသတ်တွေလဲ ဗုဒ္ဓပူဇနိယပွဲ ကျင်းပနေတဲ့ ရွှေတိဂုံ စေတီတော်မှာရှိတဲ့ ခြေတော်ရာ(၃)ဆူကို လက်အုပ်ချီ ပြီးတော့ ဒီကနေလှမ်းပြီး ရှိခိုးလိုက် ကြပါမယ်။

## ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုး

**သူ့ချမ်းသာဆောင် မကြောက်အောင်ရှယ် စောင့်ရှောက်ကယ်၍ ဖွယ်ရာခြံရံ လှူဒါန်ကြောင့်--ဝန်းရံပတ်လျက် ရာရှစ်ကွက်ဖြင့် မြချက်ပုံတောင်း အကွပ်ဆောင်း၍ ထောင်ပေါင်းအကန့် ရှင်းသန့်ပြတ်သား ခြေတော်ဖဝါးမှ ကြီးမားတောဇော် စက်တော်ရတနာ လက္ခဏာဖြင့်—မကွာခစား ထံထော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော ဂေါတမမြတ်စွာ ဘုရားရှင်၏ ဥဒ္ဒိဿက ခြေတော်ရာ ပါဒစေတီ (၃)ဆူကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။** *(သာဓု-၃-ကြိမ်)*။

## မုဆိုးသေ နတ်ပြည်ရောက်

ဒါနဲ့ပဲ အဲဒီမုဆိုးအမျိုးကောင်းသား ကွယ်လွန် အနိစ္စရောက်သွားတယ်၊ မုဆိုးဆိုတော့ တသက်လုံး သူများအသက် သားငါးတွေ တိရစ္ဆာန်တွေ သတ်ဖြတ်တဲ့ ပါဏာတိပါတ အကုသိုလ်ကံပဲ လုပ်တယ်၊ အဲဒီ အကုသိုလ်ကံကြောင့် သူသေရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ရောက်ရမယ်၊ သို့ပေမဲ့ သူကွယ်လွန်ခါနီးမှာ လိပ်ဆူးရွှေပန်းပင်ကြီးနဲ့ အားရပါးရ ပူဇော်လိုက်တဲ့ တိဿဘုရားရှင်ရဲ့ ခြေတော်(၃)ဆူကို သူလှူဒါန်းပူဇော်ခဲ့တာတွေ ပြန်ပြီး

သတိရလာတယ်။ အဲဒီလို ပြန်ပြီးသတိရတဲ့အချိန်မှာ ကွယ်လွန်အနိစ္စရောက်သွားတယ် အဲဒီတော့ သူ့ရဲ့ ကွယ်လွန်ချိန်မှာ မရဏာသန္နဇောဟာ ကုသိုလ်ဇောနဲ့ စောပြီး ကွယ်လွန်သွားတဲ့အတွက် နတ်ပြည်မှာ ဖြစ်ရတယ်၊ တိဿဘုရားရှင် ပွင့်တဲ့ကမ္ဘာကနေ ဂေါတမဘုရားရှင်အထိဆိုရင် ကမ္ဘာပေါင်း(၉၂) ကမ္ဘာဆိုတာ အလွန်ကြာတာပဲ နှစ်ပေါင်းကုဋေနဲ့ချီပြီး မရေတွက်နိုင်အောင်ကြာတယ် သို့ပေမဲ့ ခြေတော်ရာကို လိပ်ဆူးရွှေပန်းနဲ့ လှူဒါန်းခဲ့တဲ့ ကုသိုလ်ကြောင့် ငရဲ, တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ် မဖြစ်ဘဲနဲ့ အထက် နတ်ပြည်မှာဖြစ်ရတယ် တာဝတိံသာ နတ်ပြည်မှာ ဖြစ်ရတယ်၊ အဲဒီနတ်ပြည်ကနေပြီး ဂေါတမဘုရားရှင်ထိ (၉၂)ကမ္ဘာအတွင်းမှာလည်း ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ ဒုဂ္ဂတိဘုံတို့သို့ မကျခဲ့ရဘူး၊ လူ့ပြည် နတ်ပြည်ဆိုတဲ့ သုဂတိဘုံဘဝ တွေမှာပဲ ဖြစ်ခဲ့ရတယ်၊ လူ့ပြည်မှာ ဖြစ်ပြန်တော့လည်းပဲ ဆင်းရဲတဲ့အမျိုးမှာ မဖြစ်ရဘူး၊ ချမ်းသာကြွယ်ဝတဲ့ အမျိုးမှာ ဖြစ်ရတယ်၊ ရုပ်ရည်ရူပကာယလဲ ချောမော လှပတယ်၊ အရောင် အဝါဟာလဲပဲ လိပ်ဆူးရွှေ အရောင်အဝါလို ရွှေရောင်လို ဝါဝင်းနေတယ်၊ ခန္ဓာကိုယ်မှာ ပူလောင်မှုဆိုတဲ့ရောဂါ တွေလည်း မဖြစ်ခဲ့ရဘူး။

## ဘုရားရှင်၏ ကျောင်းတော်ကို နံ့သာဖြင့်ပူဇော်

ဒါနဲ့ဘုန်းဘုန်းတို့ ဂေါတမဘုရားရှေ့က ကဿပဘုရားရှင်လက်ထက်ရောက်တဲ့အခါမှာတော့ ဒီအမျိုးကောင်းသားက ကဿပဘုရားရှင် သီတင်းသုံးတဲ့ ဂန္ဓကုဋိကျောင်းဆောင်ကို စန္ဒကူးနံ့သာ အမွှေးအကြိုင်တွေနဲ့လိမ်းကျံ ပက်ဖြန်းပြီးတော့ ပူဇော်လိုက်တယ် ပူဇော်ပြီးတော့ ဖြစ်လေရာဘဝမှာ သူ့ရဲ့ ခန္ဓာကိုယ်က အမွှေးအကြိုင်တွေ ထွက်ပါစေလို့ ဒီလိုပဲ ဆုတောင်းလိုက်တယ် ဒါနဲ့ ဂေါတမမြတ်စွာ ဘုရားရှင် လက်ထက်ရောက်တဲ့အခါမှာတော့ သာဝတ္ထိပြည်မှာ အလွန်ချမ်းသာတဲ့ ဗြာဟ္မဏမဟာ သာလမျိုးမှာ ဖြစ်တယ်၊ အဲဒီမှာ အမျိုးကောင်းသားဟာ မဟာ သေလရဟန္တာမထေရ်ကို ဖူးမြော်ရတယ်၊ မဟာသေလ ရဟန္တာမထေရ်ကိုဖူးမျှော်ပြီးနောက် ကြည်ညိုမှုသဒ္ဓါနဲ့ သံဝေဂတွေရတယ်၊ သံဝေဂတွေရပြီးတော့ ရဟန်းပြုပြီး တရားအားထုတ်လိုက်တာ ရဟန္တာမထေရ်မြတ် ကြီးဖြစ်သွားတယ်၊ အဲဒီ ရဟန္တာမထေရ်မြတ်ကြီးရဲ့ နာမည်က အပါဒါန်ပါဠိတော်မှာ ဘုရားခြေတော်ရာ တို့ကို လိပ်ဆူးရွှေပန်းနဲ့ ပူဇော်ခဲ့တဲ့ ကုသိုလ်ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ ရဟန္တာဖြစ်လို့

**"ကောရဏ္ဍပုပ္ဖိယ"** ရဟန္တာမထေရ်လို့ ထင်ရှား ကျော်ကြားတယ် ထေရဂါထာ ပါဠိတော်မှာတော့ **"သုဂန္ဓရဟန္တာ"** မထေရ်လို့ ထင်ရှားကျော်ကြားတယ်၊ သုဂန္ဓဆိုတာ ကောင်းသောအနံ့တွေနဲ့ မွှေးကြိုင်ပြီး တော့ နေတဲ့ပုဂ္ဂိုလ်လို့ခေါ်တယ်၊ သာဝတ္ထိပြည်က မိခင်ပုဏ္ဏားမဝမ်းမှာ ပဋိသန္ဓေတည်တာနဲ့ တစ်ပြိုင်နက် မိခင်ရဲ့ ခန္ဓာကိုယ်ဟာ မွှေးကြိုင်နေတယ် နောက် ဆယ်လပြည့်လို့ မွေးဖွားတဲ့အခါမှာတော့ တစ်အိမ်လုံး တင်မကဘူး အိမ်နီးနားချင်း (၇)အိမ် (၈)အိမ်ထိအောင် မွှေးကြိုင် သွားတယ်၊ ကဿပဘုရားရှင်ရဲ့ ကျောင်း တော်ကို နံ့သာမွှေးတို့ဖြင့် လိမ်းကျံပူဇော်ပေးခဲ့ရတဲ့ အကျိုးပါပဲ။

အဲတော့ မုဆိုးအမျိုးကောင်းသားဟာ ခြေ တော်ရာ(၃)ဆူကို လိပ်ဆူးရွှေပန်းနဲ့ ပူဇော်လိုက်တဲ့ ကုသိုလ်ကြောင့် ကောရဏ္ဍပုပ္ဖိယ ရဟန္တာဆိုတဲ့အမည် သုဂန္ဓရဟန္တာဆိုတဲ့ အမည်နှစ်မျိုးဖြင့် ထင်ရှား ကျော်ကြားပြီးတော့ ရဟန္တာဖြစ်သွားရပါတယ်၊ ဒါဟာ ဘုန်းဘုန်းတို့ ၁-နံပါတ် ဓမ္မခရီးဖော်ထဲက ရတနာ သုံးပါးဂုဏ်တော်ကိုပွားပြီးသွားတဲ့ ဓမ္မခရီးဖော်ပါ၊ အဲဒီရတနာ(၃)ပါးထဲက ဗုဒ္ဓရတနာ-ဘုရားရတနာပါ၊

ဘုရားရတနာမှာလဲပဲ ဂုဏ်တော်အနန္တထဲက ရူပကာယ ဂုဏ်တော် ရူပကာယဂုဏ်တော်တွေထဲက လက္ခဏာတော်ကြီး (၃၂)ပါးထဲက စက္ကေနဂ်ီတပါဒ လက္ခဏာဖြင့် ဘုရားရှင်ရဲ့ ခြေတော်ရာကို ကြည်ညို ပြီးသွားလို့ရှိရင် ဘေးရန်အန္တရာယ်ကင်းတယ် မိမိတို့ဆောင်ရွက်ချင်တဲ့ကိစ္စတွေပြီးစီး အောင်မြင်တယ်ဆိုတာ ဘုရားရှင်လက်ထက်က ကောရဗျာပုပ္ပိယ ရဟန္တာနဲ့ ထုက်ပြလိုက်တာပါပဲ။

## ဗုဒ္ဓခြေတော်နှင့် အရှင်မဟာကဿပ ရဟန္တာမထေရ်

ဂေါတမဘုရား ပရိနိဗ္ဗာန်စံတဲ့ အခါမှာတော့ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံတယ် ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံပြီးတော့ အင်္ဂါရစေတီလို့ခေါ်တဲ့ မကုဋ္ဌဗန္ဓနအရပ်မှာ ဘုရားရှင်ရဲ့ ရုပ်ကလာပ်ကို စန္ဒကူးနံ့သာထင်းပုံအထက်မှာ တင်ထားလိုက်ပါတယ် အဲဒီအချိန်မှာ စန္ဒကူးနံ့သာထင်းပုံရဲ့အထက်မှာ ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ရောက်ရှိနေပါပြီ အဲဒီတော့ မလ္လာမင်းတွေက အကြီးအကဲ ပါမောက္ခ(၈)ဦးကို မီးပူဇော်ဖို့ မီးရှို့ဖို့ တာဝန်ပေးလိုက်တယ်၊ မီးပူဇော်မီးရှို့တဲ့အခါ မီးကမလောင်ဘူး၊ ဒါနဲ့ မလ္လာမင်းတွေက အရှင်အနုရုဒ္ဓါ

ရဟန္တာ မထေရ်မြတ်ကိုမေးတော့ နတ်တွေက သဘော မတူဘူး၊ သူတို့ကြည်ညိုတဲ့ အရှင်မဟာကဿပ ရဟန္တာမထေရ်ကြီး ခရီးလွန်နေတဲ့အတွက် ပရိနိဗ္ဗာန် စံတဲ့အချိန် အနီးအနားမှာ ရှင် မဟာကဿပမရှိဘူး အဲတော့ ဘုရားရှင်ရဲ့ ရုပ်ရည်ရူပကာယ မဖူးမျှော် သေးတဲ့အတွက် နတ်တွေ သဘောမတူလို့ ဘယ်လိုမှ မီးရှို့လို့မရဘူး အဲဒီလိုပြောလိုက်တော့ မလ္လာမင်းတွေက နတ်တွေရဲ့ဆန္ဒအတိုင်း တပည့်တော်တို့ လိုက်လျော ပါမယ်ဘုရား၊ အဲဒီအချိန်က မကုဋဗန္ဓနအရပ်မှာ လူတွေ ဟာကုဋေနဲ့ချီပြီးတော့ ရှိတယ် ရဟန္တာတွေက သိန်းနဲ့ ချီပြီးတော့ရှိတယ် အကုန်လုံးပဲ သောက ပရိဒေဝနဲ့ မျက်နှာတွေညှိုးငယ်ပြီးတော့ နေကြရတယ် မကြာခင် လက္ခဏာတော်ကြီး ၃၂-ပါးနဲ့ အလွန် တင့်တယ် သပ္ပါယ်တဲ့ ဘုရားရှင်ရဲ့ ရုပ်ပွားတော်ဟာ မီးသဂြိုဟ်ပြီးရင် ဓာတ်တော် မွေတော်နဲ့ ကျန်ရစ်တော့ မယ်၊ လက္ခဏာတော်ကြီး (၃၂)ပါး လက္ခဏာတော် ငယ် (၈၀)တွေ ပျောက်ကွယ်တော့မယ်၊ သောက ပရိဒေဝတွေနဲ့ မျက်နှာတွေညှိုး ငယ်နေကြတယ် အရှင်မဟာကဿပ ရဟန္တာမထေရ်ကြီးကို စောင့်မျှော် နေရတယ်။

အဲဒီအချိန်မှာ **"အရှင်မဟာကဿပ ရဟန္တာမထေရ်ကြီး"** ရောက်ရှိလာတယ် ရောက်ရှိလာပြီးတော့ ရှပ်ကလာပ်က ဟိုးအတောင်တစ်ရာနှစ်ဆယ်မြင့်တဲ့ စန္ဒကူးနံ့သာထင်းပုံအထက်မှာရှိတယ်။ ရှင်မဟာကဿပက ထင်းပုံခြေရင်းမှာရောက်လာတယ်။ ဘယ်နေရာမှာ ဘုရားရှင်ရဲ့ဦးခေါင်းတော်၊ ဘယ်အရပ်ဟာ ခြေတော်ဆိုတာကို ရှင်မဟာကဿပရဟန္တာ မထေရ်ကြီးကြည့်လိုက်တယ်။ ကြည့်ပြီးတော့ သိတဲ့အခါ အဲဒီခြေတော်ရှိတဲ့ဘက်ကနေပြီးတော့ လက်အုပ်ချီလိုက်တယ်။ လက်အုပ်ချီပြီးတော့ အဲဒီမှာ အဓိဋ္ဌာန်ပြုလိုက်တယ်။ အဓိဋ္ဌာန်ပြုလိုက်တာက ဘယ်လိုလဲဆိုတော့ အကန့်တထောင် အကွပ်တကူ ပုံတောင်းချက်မနှင့်တကွ (၁၀၈) ကွက် စက်လက္ခဏာနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်အစုံ ကြာပဒုံသည် တပည့်တော်၏ ဦးထိပ်အထက်သို့ ကြွရောက်သိတင်းသုံးပါစေသတည်း။ ဒီလို အဓိဋ္ဌာန်ပြုလိုက်တယ်။

**"အရာသဟဿ ပဋိမဏ္ဍိတစက္ကလက္ခဏာ ပတိဋ္ဌိတာ ဒသဗလဿ ပါဒါ မယှံ ဥတ္တမင်္ဂေ သိရသ္မိံ ပတိဋ္ဌဟန္တု"** ဒီလိုအဓိဋ္ဌာန်ပြုလိုက်တယ်။ အဲလို အဓိဋ္ဌာန်ပြုလိုက်တာနဲ့ တပြိုင်နက် ဟိုအထက် အတောင်

၁၂၀-မှာရှိတဲ့ ဘုရားရှင်ရဲ့ ခြေတော်က အလိုလို ကြွလာတယ်၊ ကြွလာပြီးတော့ အရှင်မဟာကဿပရဲ့ ဦးထိပ်ထက်မှာ သိတင်းသုံးတယ်။ အဲဒီမှာ အရှင်မဟာကဿပက လက်နှစ်ဖက်နဲ့ ဘုရားရှင်ရဲ့ခြေတော်ကို ကိုင်ပြီးတော့ အားရပါးရကြည်ညိုတယ်။ ရှိခိုးတယ်။ ပူဇော်လိုက်တယ်။ အဲဒီပုံကို ကြည့်ချင်တယ်ဆိုရင် အောင်လံမြို့ ကုသိနာရုံဘုရားကြီးထဲမှာ အဲဒီပုံ ပန်းပုထုထားတာရှိတယ်။ အရှင်မဟာကဿပ ဖူးမြော်ပြီး အားရပြီဆိုမှ ဘုရားရှင်ရဲ့ခြေတော်ဟာ အလိုလို အထက်အတောင် (၁၂၀)မြင့်တဲ့ စန္ဒကူးနံ့သာထင်းပုံ အထက်မှာ ရောက်သွားတယ်၊ အရှင်မဟာကဿပလဲ ခြေတော်ကိုဖူးမြော်ပြီးရော နတ်တွေက မီးသင်္ဂြိုဟ်လိုက်တော့ အလိုအလျောက် မီးလောင်သွားတယ်။ တေဇောဓာတ်လောင်တယ်လို့ခေါ်တယ်။ တေဇောဓာတ်လောင်ပြီးတဲ့အခါမှာတော့ မြတ်စွာဘုရားရှင်ရဲ့ရုပ်ကလာပ်ကနေပြီးတော့ ဓာတ်တော်တွေပဲ ကျန်ရစ်တယ်။

အဲတော့ အရှင်မဟာကဿပဟာ ဘုရားရှင်ရဲ့ ခြေတော်ကို အဲဒီလို ဦးခေါင်းနဲ့တိုက်ပြီး ရှိခိုးပူဇော်လိုက်တဲ့အတွက် ဘုရားရှင်ထံမှာ တင်ရှိနေတဲ့ ကြွေးကို

ပထမသင်္ဂါယနာတင်ပြီးတော့ ဆပ်နိုင်သွားတယ်။ အရှင်မဟာကဿပကို ဘုရားရှင်က သားတော်ရာဟုလာထက်ပိုပြီးတော့ ချီးမြှောက်ခဲ့တယ်။ ရှင်ရာဟုလာဟာ သားအရင်းဖြစ်ပေမဲ့ မြတ်စွာ ဘုရားရှင်က အရှင်မဟာကဿပလောက်မချီးမြှောက်ခဲ့ဘူး။ ဘုရားရှင် အနေနဲ့ မိမိဝတ်တဲ့သင်္ကန်းကို သားတော်ရာဟုလာကို မပေးဘူး၊ အရှင်မဟာကဿပကိုပဲ ပေးခဲ့တယ်၊ အရှင်မဟာကဿပဟာ အခြားရဟန်းတွေလို သိမ်ထဲမှာ ကမ္မဝါ ဖတ်ပြီးတော့ ရဟန်းအဖြစ်ရောက်လာတာ မဟုတ်ဘူး၊ သြဝါဒ(၃)ချက်ပေးလိုက်တာနဲ့ ရဟန်းဖြစ်သွားတယ်။

အဲဒီကြွေးတွေဆပ်ဖို့ အရှင်မဟာကဿပမှာ ကျန်နေတယ်၊ အဲဒီကြွေးဟာလည်း ပထမသင်္ဂါယနာတင်ပြီးတော့ ဆပ်ရမယ်၊ ပထမသင်္ဂါယနာတင်ပြီး ဆပ်ဖို့ဆိုတော့ ဆန့်ကျင်ဘက် ရဟန်းတွေကလည်း ရှိတယ် အဲတော့ ပထမသင်္ဂါယနာတင်တဲ့အခါမှာ အခက်အခဲတွေအများကြီးရှိတယ်။ အဲဒီအခက်အခဲတွေ အောင်မြင်ကျော်လွှားနိုင်တာဟာ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်ရဲ့ခြေတော်ကို ဦးတိုက်ပြီးမှ ဆောင်ရွက် လိုက်တဲ့အတွက် ခြေတော်ကို ရှိခိုးတဲ့

ကုသိုလ်ကြောင့် အလွန်ခက်ခဲတဲ့ ပထမသင်္ဂါယနာတင်ပွဲကြီးဟာ အောင်မြင်စွာပြီးစီးသွားတယ်။ ဘုရားရှင်အပေါ်မှာတင်နေတဲ့ အကြွေးဟာလည်း ဆပ်ပြီးသားဖြစ်သွားတယ်၊ ဒါက ဘုရားရှင်ရဲ့ လက်ထက်က အဖြစ်အပျက်ပါပဲ။

## မိုးကုတ်မြို့မှ ဈေးကျောင်းဘုန်းကြီး

ခုမျက်မှောက်ခေတ်မှာလဲ မိုးကုတ်မြို့မှာ ဈေးကျောင်းဆိုတာရှိတယ်။ အဲဒီဈေးကျောင်းဆရာတော်က ခရီးထွက်ပြီဆိုရင် သူ့ကျောင်းမှာရှိတဲ့ ဘုရားရှေ့ကိုသွားပြီး လက်အုပ်ချီပြီးတော့ ဘုရားတပည့်တော် ဘယ်ရွာ၊ ဘယ်မြို့၊ ဘယ်ရပ်ကွက်၊ ဘယ်ဒေသကို သွားပါမယ်၊ ဘုရားရှင်ရဲ့ ခြေတော်အစုံကြာပဒုံဟာ ဘုရားတပည့်တော်ရဲ့ ဦးထိပ်အထက်သို့ တံဆိပ်ခပ်နှိပ်သောအားဖြင့် ကြွရောက်သီတင်းသုံးတော်မူပါဘုရား။ အဲဒီလိုလျှောက်ပြီးမှ ဦးချပြီးတော့ ခရီးသွားတယ်၊ ပြန်လာတဲ့အခါလည်း အဲဒီအတိုင်းပဲ ဘုရားရှင်ရဲ့ ရုပ်ပွားတော်ရှေ့မှာ ခြေတော်ကို ဦးတိုက်ပြီး ရှိခိုးတယ်၊ အဲတော့ အဲဒီဈေးကျောင်းဆရာတော် ဘယ်သွားသွား၊ ဘာအန္တရာယ်မှ မဖြစ်ဘူး၊ အန္တရာယ်ကင်းတယ်၊ အဲတော့

မူလတည်ထားတဲ့ **"ဓမ္မခရီးဖော်"** ဆိုတဲ့ နာမည် အားလျော်စွာ အပြည့်အစုံ ပြောပြပြီးသွားပါပြီ ရွှေတိဂုံ ဘုရားပေါ်မှာလည်းပဲ ခြေတော်ရာ ၃-ဆူ ရှိပါတယ်။ အဲဒီခြေတော်ရာ (၃)ဆူလည်းပဲ၊ ခုပြောပြလိုက်တဲ့ အတိုင်း ကောရဏ္ဍပုပ္ဖိယမထေရ် အလောင်းလို ပန်းတွေ နဲ့ကြည်ညိုပြီး လှူဒါန်းနိုင်ပါပြီ အဲတော့ ဓမ္မ ခရီးဖော်ဆိုတဲ့ တရားတော်ကို နိဂုံးချုပ်ပါတော့မယ်။

နိဂုံးချုပ်တဲ့အခါ မြတ်စွာဘုရားရှင်ရဲ့ သက်တော် ထင်ရှား ခြေဖဝါးအပြင်မှာရော၊ ပရိဘောဂပါဒစေတီ ဖြစ်တဲ့ အမိဋ္ဌာန်ပြီးချတဲ့ ခြေတော်ရာမှာရော ခုခေတ်မှာ ထုလုပ်ထားတဲ့ခြေတော်ရာပွား ဥဒ္ဒိဿက ပါဒစေတီ တွေမှာရောပါတဲ့ (၁၀၈)ကွက် စက်လက္ခဏာကို အားလုံးပရိသတ်တွေဆိုပြီးတော့ ဘုန်းဘုန်းတို့ တရားပွဲ ပြီးပါမယ်၊ ဖြန့်ဝေပေးလိုက်တဲ့ စာအုပ်လေးမှာ (၁၀၈) ကွက် စက်လက္ခဏာ အပြည့်အစုံ ဖော်ပြထား ပါတယ်၊ အားလုံးပဲ ရွှေတိဂုံစေတီတော်မှာရှိတဲ့ ခြေတော်ရာ ၃-ဆူကိုပဲ အာရုံပြုပြု သက်တော်ထင်ရှား ဘုရားရှင်ရဲ့ခြေဖဝါးက (၁၀၈)ကွက် စက်လက္ခဏာကိုပဲ အာရုံပြုပြု ခြေတော်ရာကို အာရုံပြုပြီးတော့ (၁၀၈) ကွက် စက်လက္ခဏာနဲ့ပူဇော်ပြီး ဓမ္မခရီးဖော် တရားပွဲကို သိမ်းကြပါမယ်။

## (၁၀၈)ကွက် စက်လက္ခဏာတော်များ

ကဲအားလုံးပဲ လိုက်ဆိုလိုက်ကြအောင်-

မြတ်စွာဘုရားရှင်၏ နှစ်ဘက်သော ခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ်အသားများ ဖြစ်ကြ ကုန်သော-

၁။ လှံမပုံ
၂။ အိမ်မွန်ပုံ
၃။ ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ
၄။ လည်ရေးသုံးဆင့်ပုံ
၅။ ဦးဆောက်ပန်းပုံ
၆။ ယောကျ်ားတဦးက အခြားတဦးကို ထမ်းသည့်ပုံ
၇။ အင်းပျဉ်ပုံ (ရွှေသလွန်)
၈။ ချွန်းတောင်းပုံ
၉။ ပြာသာဒ်ပုံ
၁၀။ တံခါးတိုင်ပုံ
၁၁။ ထီးဖြူပုံ
၁၂။ သန်လျက်ပုံ
၁၃။ ထန်းရွက်ယပ်ဝန်းပုံ
၁၄။ ဥဒေါင်းမြီးယပ်ပုံ

၁၅။ သင်းကျစ်ပုံ
၁၆။ ပတ္တမြားပုံ
၁၇။ သပိတ်ပုံ
၁၈။ မြတ်လေးပန်းဆိုင်းပုံ
၁၉။ ကြာညိုပုံ (ကြာပြာ)
၂၀။ ကြာနီပုံ
၂၁။ ကြာဖြူပုံ
၂၂။ ပဒုမ္မာကြာပုံ
၂၃။ ပုဏ္ဍရိက်ကြာပုံ
၂၄။ ရေပြည့်အိုးပုံ
၂၅။ ရေပြည့်ဖလားပုံ
၂၆။ မဟာသမုဒ္ဒရာပုံ
၂၇။ စကြဝဠာတောင်ပုံ
၂၈။ ဟိမဝန္တာတောင်ပုံ
၂၉။ မြင်းမိုရ်တောင်ပုံ
၃၀။ နေဝန်းပုံ
၃၁။ လဝန်းပုံ
၃၂။ နက္ခတ်တာရာများပုံ
၃၃။ အရှေ့ကျွန်းပုံ
၃၄။ အနောက်ကျွန်းပုံ
၃၅။ မြောက်ကျွန်းပုံ

၃၆။ ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ

၃၇။ စကြဝဠာမင်းပုံ

၃၈။ လက်ယာရစ်ခရုသင်းဖြူပုံ

၃၉။ ငါးကြင်းအစုံပုံ

၄၀။ စက်လက်နက်ပုံ

၄၁။ ဆားငံသမုဒ္ဒရာပုံ

၄၂။ ကြံရည်အဆင်းရှိသော သမုဒ္ဒရာပုံ

၄၃။ သေရည် အဆင်းရှိသော သမုဒ္ဒရာပုံ

၄၄။ အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာပုံ

၄၅။ နို့ဓမ်း အဆင်းရှိသော သမုဒ္ဒရာပုံ

၄၆။ နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ

၄၇။ ရေချို သမုဒ္ဒရာပုံ

၄၈။ ယုဂန္ဓရတောင်ပုံ

၄၉။ ဤသဓရတောင်ပုံ

၅၀။ ကရဝိကတောင်ပုံ

၅၁။ သုဒဿနတောင်ပုံ

၅၂။ နေမိန္ဓရတောင်ပုံ

၅၃။ ဝိနတကတောင်ပုံ

၅၄။ အဿကဏ္ဏတောင်ပုံ

၅၅။ အနောတတ္တရေအိုင်ပုံ

၅၆။ ကဏ္ဏမုဏ္ဍရေအိုင်ပုံ

၅၇။ ရထကာရရေအိုင်ပုံ

၅၈။ ဆဒ္ဒန္တရေအိုင်ပုံ

၅၉။ ကုဏာလရေအိုင်ပုံ

၆၀။ မန္ဒာကိနီရေအိုင်ပုံ

၆၁။ သီဟပ္ပပါတရေအိုင်ပုံ

၆၂။ ဂဠုန်မင်းပုံ

၆၃။ မိကျောင်းမင်းပုံ

၆၄။ တံခွန်လျှားပုံ

၆၅။ တံခွန်ကုက္ကားပုံ

၆၆။ ရတနာသံလျင်းပုံ

၆၇။ ရွှေစာမရီသားမြီးယပ်ပုံ

၆၈။ ကေလာသငွေတောင်ပုံ

၆၉။ ခြင်္သေ့မင်းပုံ

၇၀။ ကျားမင်းပုံ

၇၁။ ဝလာဟကမြင်းမင်းပုံ

၇၂။ ဥပေါသထ ဆဒ္ဒန္တ ဆင်မင်းပုံ

၇၃။ ဗာသုကိ နဂါးမင်းပုံ

၇၄။ ဟင်္သာမင်းပုံ

၇၅။ ဥသဘနွားမင်းပုံ

၇၆။ ရောဝဏ်ဆင်မင်းပုံ

၇၇။ ရွှေမကာရ်းပုံ

၇၈။ မုခ်ထွင်လေးခုရှိသော ရွှေလှေပုံ

၇၉။ ပြဟ္မာမင်းပုံ

၈၀။ နွားသားအမိပုံ

၈၁။ ကိန္နရာအဖို အမပုံ

၈၂။ ကရဝိက်ငှက်မင်းပုံ

၈၃။ ဥဒေါင်းမင်းပုံ

၈၄။ ကြိုးကြားငှက်မင်းပုံ

၈၅။ စက္ကဝါက်ငှက်မင်းပုံ

၈၆။ ဇီဝဇိုဝ်းငှက်မင်းပုံ

၈၇။ စာတုမဟာရာဇ် နတ်ဘုံ

၈၈။ တာဝတိံသာ နတ်ဘုံ

၈၉။ ယာမာ နတ်ဘုံ

၉၀။ တုသိတာ နတ်ဘုံ

၉၁။ နိမ္မာနရတိ နတ်ဘုံ

၉၂။ ပရနိမ္မိတဝသဝတ္တိ နတ်ဘုံ

၉၃။ ပါရိသဇ္ဇာ ပြဟ္မာဘုံ

၉၄။ ပုရောဟိတ ပြဟ္မာဘုံ

၉၅။ မဟာ ပြဟ္မာဘုံ

၉၆။ ပရိတ္တာဘာ ပြဟ္မာဘုံ

၉၇။ အပ္ပမာဏာဘာ ပြဟ္မာဘုံ

၉၈။ အာဘဿရာ ပြဟ္မာဘုံ

# ဓမ္မခရီးဖေါ်(၄)ဦးဟူသည်-

၁။ ရတနာသုံးပါး ဂုဏ်တော်ပွါးပြီးသွားသော ဓမ္မခရီးဖေါ်၊

၂။ ဒါန၊သီလပြုပြီးသွားသော ဓမ္မခရီးဖေါ်၊

၃။ မေတ္တာပို့သပွားများပြီးသွားသော ဓမ္မခရီးဖေါ်၊

၄။ သတိပဋ္ဌာန်ပွားများပြီးသွားသော ဓမ္မခရီးဖေါ်၊

တို့ဖြစ်ကြ၏။

ဒါန၊သီလ၊မြတ်ပုညကို၊လူကသာမေ့၊ကံမမေ့ဘူး၊

ဘယ်နေ့ဘယ်ည၊ ဘယ်ခဏတွင်၊ ကောင်းမှုရှင်၏

လိုအင်ဆန္ဒ၊ ကျိုးဖလကို၊ ပေးရမည်နည်း၊

သိမ်းဆည်းအခွင့်၊ စောင့်မျှော်လင့်၏။